မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် ( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် )

**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် **အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးအေးမြင့် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

(ခ) ဒေါ်ဝင်းမော်ထွန်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

(ဂ) ဦးသန်းထွန်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
သမဝါယမဝန်ကြီးဌာန

(ဃ) ဦးခင်ဇော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(င) ဦးခင်မောင်အေး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ဦးဟံစိန်<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသိန်းအောင်<br>ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာပွင့်ဆန်း<br>ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဒေါ်ခင်စန်းရီ<br>ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာတင်ရွှေ<br>ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးဝင်းဇော်<br>ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း<br>အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်<br>Japan Carton Box Manufacturing စက်ရုံ<br>အခြေခံအလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |
| (ဌ) | ဦးနော်အောင်<br>ကုန်ထုတ်လုပ်ငန်း<br>အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်<br>ရန်ကုန်သရဖူသံရည်ကျိုစက်ရုံ<br>အခြေခံအလုပ်သမားအဖွဲ့အစည်း (၁) | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာစိုင်းခိုင်မျိုးထွန်း<br>ဝန်ဆောင်မှုလုပ်ငန်း<br>အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်<br>ရန်ကုန်တက္ကသိုလ် ဆရာ/ဆရာမများ<br>အခြေခံအလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |
| (ဎ) | ဦးသန်းဆွေ<br>စိုက်ပျိုးရေးလုပ်ငန်း<br>အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်<br>ခရမ်းမြို့နယ်၊ ညောင်ပင်ကွင်းရွာ<br>တောင်သူလယ်သမားနှင့်စိုက်ပျိုးရေးအခြေခံအလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |
| (ဏ) | ဦးမောင်မြင့်<br>မွေးမြူရေးလုပ်ငန်း<br>အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်<br>ငါးဖမ်းလုပ်ငန်း<br>ဧရာဝတီရေလုပ်သားအခြေခံအလုပ်သမားအဖွဲ့အစည်း | အဖွဲ့ဝင် |

(တ) သူရဦးနေဝင်းမြင့် — အဖွဲ့ဝင်
ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလက်လီဖောက်ကားရောင်းဝယ်ရေးအသင်း

(ထ) ဒေါ်ခိုင်ခိုင်နွယ် — အဖွဲ့ဝင်
ကုန်ထုတ်လုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
Best အထည်ချုပ်စက်ရုံ
ရွှေပြည်သာအထည်ချုပ်လုပ်ငန်းအခြေခံအလုပ်ရှင်အဖွဲ့အစည်း

( ဒ ) ဒေါက်တာအောင်မြတ်ကျော် — အဖွဲ့ဝင်
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
ဒုတိယဥက္ကဋ္ဌ
Myanmar Tourism Association

( ဓ ) ဦးခင်စိုး — အဖွဲ့ဝင်
စိုက်ပျိုးရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်

( န ) ဒေါက်တာလှလှသိန်း — အဖွဲ့ဝင်
မွေးမြူရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မွေးမြူရေးလုပ်ငန်းရှင်များအသင်းချုပ်

( ပ ) ဦးကြည်ရှိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဘဏ္ဍာရေးဝန်ကြီးဌာန

( ဖ ) ဦးသန်းထွန်းအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဗ ) ဒေါ်မြသူဇာ (ကျွမ်းကျင်သူ) — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဘ) ဦးစိန်လှ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

( မ ) ဦးအေးငွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

(ယ) ဦးမျိုးအောင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

(ရ) ဦးဝင်းရှိန် တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

၂။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် အခြေခံသင့်သည့် အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့်မူဝါဒများ ချမှတ်ခြင်း။

(ခ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြနိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့်အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ဂ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားအဆင့်မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများအား လမ်းညွှန်ခြင်း။

(ဃ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် အခြေခံသင့်သည့်အချက်များနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများကောက်ယူ၍ စိစစ်တွက်ချက်ခြင်း၊ စီမံကိန်းများနှင့် အစီအစဉ်များ ချမှတ်ခြင်း။

(င) အနည်းဆုံးအခကြေးငွေကို နိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက်သော်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီး ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေအခန်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို သတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း။

(စ) ပုဒ်မခွဲ (င) အရ အမိန့်ကြော်ငြာစာထုတ်ပြန်မည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများတွင် အလုပ်ကျွမ်းကျင်မှုအလိုက် အလုပ်ချိန် တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တပတ်၊ တစ်လအတွက် အခကြေးငွေ သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုအတွက် အခကြေးငွေနှုန်းထားကို လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုအလားအလာအပေါ် လေ့လာစိစစ်ပြီး ထည့်သွင်းဖော်ပြခြင်း။

(ဆ) အမျိုးသားကော်မတီ၏ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်ရှိခဲ့လျှင် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်

ကော်မတီ၏ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းစေပြီး ပြန်လည်တင်ပြသည့် အနည်းဆုံး အခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီ၏ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဇ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားကို ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းအမျိုးအစား အလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ရှိနိုင်မှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခြင်း။

(စျ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ည) အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့် အညီ ကျင်းပခြင်း။

(ဋ) အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြခြင်း။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄**

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိ ဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်း နည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့ လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည် -

**အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ နန္ဒောဘာသ
သီဂီဦးကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်
အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တ အရိယဝံသ
အတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်
လက်သမားရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ နာဂိန္ဒ
မြို့မပရိယတ္တိစာသင်တိုက်
အမှတ်-၄ ရပ်ကွက်၊ ရွှေကူမြို့၊ ကချင်ပြည်နယ်။

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်။ ။ အဆုံး**

၂။ ဘဒ္ဒန္တ နန္ဒောဘာသ
အုတ်ကန်တောရ ပရိယတ္တိစာသင်တိုက်
မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ
ပါဠိတက္ကသိုလ်မင်္ဂလာဇေယျ ပရိယတ္တိစာသင်တိုက်
ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။

၄။ ဘဒ္ဒန္တ နာယက
မဟာဝိဇယာရာမ (ပါဠိတက္ကသိုလ်) အရှေ့တိုက်
အမှတ်-၁ ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ ပညာဇောတ
မဟာဝိသုတာရာမ (အလယ်တိုက်)
အမှတ် - ၁၀ ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တ ရေဝတ
မြို့ဦးပရိယတ္တိစာသင်တိုက်
မြို့မအရှေ့ရပ်ကွက်၊ မြစ်သားမြို့၊ မန္တလေးတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တ ဓမ္မပါလာဘိဝံသ
မဟာရွှေစေတီကျောင်းတိုက်
ကြက်မင်းတွန်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တ ဇောတိက
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
အမှတ်-၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ ဉာဏသိရီ
သီရိမင်္ဂလာဆန်ဆိုင်းကျောင်းတိုက်
ဆန်ဆိုင်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်။

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ ကေတုမာလာ
ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်
ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ခေမိန္ဒာဘိပါလ
ပုဗ္ဗာရုံကျောင်းတိုက်
မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တ သီလာနန္ဒ
မဟာဇောတိကာရာမကျောင်းတိုက်
ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တ ဇောတိပါလာလင်္ကာရ
သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်
အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ နေမိန္ဒ
ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်
ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်။

၆။ ဘဒ္ဒန္တ ကုဏ္ဍလ
ဖျောက်ဆိပ်ပင် ပရိယတ္တိစာသင်တိုက်
လက်ပန်တုံးကျေးရွာ၊ နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တ နန္ဒိယ
နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်
ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တ အာသဘ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တ ကောဝိဒ
ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယသင်တန်းကျောင်း
ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်။

၁၀။ ဘဒ္ဒန္တ နန္ဒသေနာလင်္ကာရ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
အမှတ် - ၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ဘဒ္ဒန္တ တေဇဓမ္မာဘိဝံသ
ရွှေဟင်္သာတောရကျောင်းတိုက်
အမှတ် - ၇ ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**သီလရှင်ဆရာကြီး**

၁၂။ ဒေါ်ပုညဝတီ
ဧသုဝတီသီလရှင်စာသင်တိုက်
လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ သောပါက
ခေမာရာမစာသင်တိုက်
အမှတ် - ၉ ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

**မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်။ ။အဆုံး**

၂။ ဘဒ္ဒန္တ ဝိစက္ခဏ
အောင်စည်သာပရိယတ္တိစာသင်တိုက်
အောင်စည်သာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

၃။ ဘဒ္ဒန္တ ဣန္ဒာစာရာလင်္ကာရာဘိဝံသ
သာမဏေကျော်ပရိယတ္တိစာသင်တိုက်
အမှတ် - ၆/၁၈ ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တ ပညာသာမိ
မယ်ဇယ်ပင်ပညာလင်္ကာရစာသင်တိုက်
ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ နန္ဒသာရ
အလယ်ကျောင်းစာသင်တိုက်
မြို့မဈေးရပ်ကွက်၊ ကျိုက္ခမီမြို့၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်။

၆။ ဘဒ္ဒန္တ ဣန္ဒာစာရ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
အမှတ် - ၇ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တ နန္ဒက
မဟာဗောဓိပရိယတ္တိစာသင်တိုက်
အမှတ် - ၁၄ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တ သုနန္ဒ
မြို့လယ်ပရိယတ္တိစာသင်တိုက်
အမှတ် - ၂ ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

၉။ ဘဒ္ဒန္တ နာယက
မင်းကျောင်းပရိယတ္တိစာသင်တိုက်
ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

**သီလရှင်ဆရာကြီး**

၁၀။ ဒေါ်စန္ဒာသီရိ
မဟာစည်သာသနာ့ရိပ်သာ သီလရှင်စာသင်တိုက်
ရွာမရပ်ကွက်၊ နတ္တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး။

**ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ ခေမိန္ဒ
ဝေဠုဝန်တိုက်သစ်ပါဠိတက္ကသိုလ်စာသင်တိုက်
အမှတ် - ၁ ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တ ပဏ္ဍဝ
မြို့ဦးပရိယတ္တိစာသင်တိုက်
မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်။

၃။ ဘဒ္ဒန္တ ဇောတိက
သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်
မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တ ဥတ္တမမောဠိ
ဗောဓိရိပ်သာကျောင်းတိုက်
ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ ရေဝတ
ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်
အိုးဘိုရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တ သုမနသာရာလင်္ကာရ
ဂန္ဓာရုံဘုံကျော်စာသင်တိုက်
ဆတ်သွားကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

**ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်။ ။အဆုံး**

၇။ ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသ
သာသနမူလိကာရာမကျောင်းသစ်ကျောင်း
အမှတ် - ၃၊ တန်းမြင့်ကျောင်းရပ်ကွက်၊ တောင်သာမြို့၊
မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တ ဇနိန္ဒ
မဟာသန္တာရုံကျောင်းတိုက်
ညောင်ကွဲရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တ ဝိမလ
ရွှေတောင်ကျောင်းတိုက်
လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၀။ ဘဒ္ဒန္တ ကုသလ
အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်
ဒွါရာဝတီမြို့သစ်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်။

၁၁။ ဘဒ္ဒန္တ ဣန္ဒာဝုဓ
ပညာမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်
ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၁၂။ ဘဒ္ဒန္တ စန္ဒာသိရီဘိဝံသ
မင်္ဂလသိရီပရိယတ္တိစာသင်တိုက်
ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တ ကေသရ
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
အမှတ် - ၂ ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ဘဒ္ဒန္တ သူရိန္ဒ
စစ်ကိုင်းစာသင်တိုက်
နှင်းဆီကုန်း - က ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ဘဒ္ဒန္တ သဒ္ဓနန
ဘုရားကြီးအနောက် ပရိယတ္တိစာသင်တိုက်
ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၆။ ဘဒ္ဒန္တ သုဘောဂ
ဟော်ခမ်းပရိယတ္တိစာသင်တိုက်
အမှတ် - ၁ ရပ်ကွက်၊ လဲချားမြို့၊ ရှမ်းပြည်နယ်။

၁၇။ ဘဒ္ဒန္တ ဉာဏသိရီ
တိုက်သစ်ပဇ္ဇောတာရုံကျောင်းတိုက်
အမှတ် - ၃ ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**သီလရှင်ဆရာကြီးများ**

၁၈။ ဒေါ်စန္ဒာသီရိ
ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ပရိယတ္တိစာသင်တိုက်
ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၉။ ဒေါ်စန္ဒကလျာ
သီတာဇပရိယတ္တိစာသင်တိုက်
အမှတ် - ၃ ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။

၂၀။ ဒေါ်ဝိစိတ္တ
မြဝတီသီလရှင်စာသင်တိုက်
ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ ဝိဇယ
မဟာဝိဇယရုံသီစလေကျောင်းတိုက်
ချမ်းတောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်။ ။အဆုံး**

၂။ ဘဒ္ဒန္တ ကေသရ
ဝင်းစိန်တောရကျောင်း
မြိုင်ကုန်းကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၃။ ဘဒ္ဒန္တ ဓမ္မသာရ
တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
ဓမ္မရိပ်သာလမ်း၊ တောတိုက်ရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တ အနဓိဝရ
ဓမ္မာရုံရွှေကျင်ကျောင်းတိုက်
အမှတ် - ၂ ရပ်ကွက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ ဇနိန္ဒာဓိပတိ
ကန် (၇) ဆင့်၊ ဒေါတငူးထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း
ဒေါတငူးကျေးရွာ၊ ဒီမောဆိုးမြို့၊ ကယားပြည်နယ်။

၂။ ဘဒ္ဒန္တ ဝဏ္ဏ
ကော့ပေါက်ရွှေကျောင်း
ကော့ပေါက်စံပြကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တ ဥတ္တမဉာဏာဘိဝံသ
မိုးကောင်းကျောင်းတိုက်
ဗိုလ်အောင်ဇေယျရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တသြဘာသ
သီရိမင်္ဂလာစာသင်တိုက်
ချိုအင်းကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ စိတ္တဉာဏ
အင်ဘက်တောကျောင်းတိုက်
အင်ဘက်တောကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တ ပညာဝံသ
ရွာသာကျောင်းတိုက်
ရွာသာကျေးရွာ၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တ ဝေပုလ္လ
ရွှေကျီးနားကျောင်းတိုက်
ရန်နိုင်ရပ်၊ စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တ ဇောတိက
ဖောင်တော်ဦးကျောင်းတိုက်
ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တ ပုညနန္ဒ
သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်
လားရှိုးမြို့၊ ရှမ်းပြည်နယ်။

၁၀။ ဘဒ္ဒန္တ ကောသလ္လ
ဓမ္မသိပ္ပံရွှေကြို့ပင်ကျောင်းတိုက်၊
ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း
ချင်းကုန်းကျေးရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၁။ Venerable Mok Tak (Sang Kyoung Chan)
(ဘဒ္ဒန္တ မော့တက်)
Hey-Eun ဘုန်းတော်ကြီးကျောင်း၊ Seokyo Dong ရပ်ကွက်၊
Mapa-Gu၊ ဆိုးလ်မြို့၊ ကိုရီးယားသမ္မတနိုင်ငံ။

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်။ ။ အဆုံး**

၁၂။ Most Ven. Shi Chang Zang (ဘဒ္ဒန္တ ရှီချန်းဇန့်)
လင်ကွမ်းကျောင်းတိုက် (စွယ်တော်တိုက်)
ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

၁၃။ ဘဒ္ဒန္တ ဆွမ်ဒေ့စ်ဖရမဟာရတ်(ဖ်)မင်္ဂလာကျန် (ဝရပုညမဟာထေရ)
ဝပ်ပါ(က်)နန့်ကျောင်းတိုက်
ဖစီကျရိန်မြို့နယ်၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

၁၄။ ဘဒ္ဒန္တ ဓမ္မာစိဏ္ဏ
ဝပ်စီကျောင်းလီယန်းကျောင်းတိုက်
မယ်တန်ကျေးရွာ၊ ဖယောင်းမြို့၊ ထိုင်းနိုင်ငံ။

၁၅။ Ven. Bhikshu Sheelabhadra Mahasthavir (ဘဒ္ဒန္တ ရှီလာဘာဒရာ)
Manimandap Mahavihara ကျောင်း
ပါတာကိုရပ်ကွက်၊ လာလိတပူရမြို့၊ နီပေါနိုင်ငံ။

၁၆။ Most Ven. Maha Vanna Soriyavong
(ဘဒ္ဒန္တ မဟာဝဏ္ဏသောရိယဗွန်)
မယ်ဆိုင်ကျောင်း၊ ဗီယင်ကျန်းမြို့၊ ချန်သာဘူရီခရိုင်၊ လာအိုနိုင်ငံ။

၁၇။ Most Ven. Ambevela Pannasara Mahanayaka Thero
(ဘဒ္ဒန္တ အမ်ဘယ်ဗလပန်နာစာရမဟာနာယကထေရ်)
ဗုဒ္ဓလောကမဟာဝိဟာရကျောင်း
ဆူဝါရပူလမြို့၊ ပီလီယံဓလေခရိုင်၊ သီရိလင်္ကာနိုင်ငံ။

**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ ရေဝတ
ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်
ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ဝေပုလ္လ
ရတနာသီရိပရိယတ္တိစာသင်တိုက်
လောမမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၃။ ဘဒ္ဒန္တ နန္ဒောဘာသ
အမှတ် - ၁ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊
ရွှေသိမ်တော်ကျောင်းတိုက်
ညောင်ပင်ကန်ကျေးရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တ ဇဝန
စစ်ပြဲတိုက်ကျောင်း
စစ်ပြဲကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ ဝိလာသ
ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့်
အမှတ် - ၁ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း
ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တ ဝိစိတ္တသာရ
ပတ္တပိုဏ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း
ဖူးလုံကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တ ကဥ္စန
ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်
မလှိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ
သန္တာရုံကျောင်းတိုက်
ဖလံကုန်းကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်။ ။ အဆုံး**

၉။ ဘဒ္ဒန္တ ဝရိန္ဒ
သရဏ္ဂါရာမရွာကြားကျောင်းတိုက်
ရွာကြားရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။

၁၀။ ဘဒ္ဒန္တ ဝိသေသ
ဇေယျာသီရိဝိသေသာရာမကျောင်းတိုက်၊
ဇေယျာသီရိဘုန်းတော်ကြီးသင်ပညာရေးကျောင်း
ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၁။ ဘဒ္ဒန္တ ဝိဇယ
မောရဝတီထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း
မောရဝတီ (စံပြ) ကျေးရွာ၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်။

၁၂။ ဘဒ္ဒန္တ ပဏ္ဍဝံသ
အောင်ဇမ္ဗူတောရဓမ္မရိပ်သာကျောင်းတိုက်
ရေပြာကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တ နရနာထ
မဟာဝန်ကျောင်းတိုက်
မူဆယ်မြို့၊ ရှမ်းပြည်နယ်။

၁၄။ ဘဒ္ဒန္တ သူရိယ
ရွှေတောင်တန်းပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း
အေးသာယာမြို့သစ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၅။ ဘဒ္ဒန္တ ပညာဝံသ
မုန်ထုတ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
ဗိုလ်ချုပ်လမ်း၊ ရွာသစ်ရပ်ကွက်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၆။ Dr. Shin Jin Yao (ဒေါက်တာဘဒ္ဒန္တ ရှင်ဂျင်ယို)
ချီဖာကျောင်း
စင်တီမြို့၊ ထိုင်ဝမ်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

၁၇။ ဘဒ္ဒန္တ နိယံဂေါဒဝိဇေ္ဇ သီရိအနုနာယကထေရော
မောဝတုမဟာဝိဟာရယကျောင်းတိုက်
ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ။

၁၈။ ဘဒ္ဒန္တ အရိယဓမ္မ
သီတဂူဗုဒ္ဓဝိဟာရကျောင်းတိုက်
အော်စတင်မြို့၊ တက်ကဆက်ပြည်နယ်၊ အမေရိကန်ပြည်ထောင်စု။

၁၉။ ဘဒ္ဒန္တ ဇဝန
မဟာအောင်မြေကျောင်း
ဗုဒ္ဓဂယာ၊ ဂယာမြို့၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ။

**သီလရှင်ဆရာကြီးများ**

၂၀။ ဒေါ်မာလာရီ
မဟာပုညကာရီသီလရှင်သင် (အမျိုးသမီး)
ပညာရေးမူလတန်းလွန်ကျောင်း
မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

၂၁။ ဒေါ်ဇဝနစာရီ
ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း
တာလံရပ်ကွက်၊ လဟယ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ နန္ဒမာလာ
ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အိုင်စန့်သာသနာပြုဌာန
အိုင်စန့်ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်။ ။အဆက်**

၂။ ဘဒ္ဒန္တ ခေမာစာရ
ကော့ပလံဘုန်းတော်ကြီးသင်ပညာရေးကျောင်း
ကော့ပလံထေရဝါဒဗုဒ္ဓသာသနာပြုဌာန
ကော့ပလံကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တ ဝါသေဋ္ဌ
လွန်ဒုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း
လွန်ဒုံကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်။

၄။ ဘဒ္ဒန္တ အာလောက
ဒိုးပင်ချောက်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း
သစ်ချောက်ကျေးရွာ၊ ကလေးဝမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ ပဏ္ဍိတ
ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
အမှတ် - ၁ ရပ်ကွက်၊ ခါမ်းပါတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တ ဥတ္တမ
ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန
ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း
လေရှီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ဘဒ္ဒန္တ ဉာဏဝံသ
စံကျောင်းတိုက်
တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။

၈။ ဘဒ္ဒန္တ စိန္တိတ
မစိုးရိမ်ကျောင်းတိုက်
မြို့မရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး။

၉။ ဘဒ္ဒန္တ သောမာစာရ
ရွှေပေါက်ပင်တောရကျောင်းတိုက်
ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။

၁၀။ ဒေါက်တာဘဒ္ဒန္တ ပညောဘာသ
ဝေဠုဝန်စာသင်တိုက်
အမှတ် - ၁၇၊ ဘုန်းတော်ကြီးသင်ပညာရေးပရဟိတကျောင်း
ကျောက်တန်းစံပြကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

၁၁။ ဘဒ္ဒန္တ ဝိမလ
ကမ္ဘာအေးကျောင်းတိုက်
အမှတ် - ၁ ရပ်ကွက်၊ ဆင်ပေါင်ဝဲမြို့၊ မကွေးတိုင်းဒေသကြီး။

၁၂။ ဘဒ္ဒန္တ သြဘာသ
"ကာတောင်" သာသနာပြု သာသနဟိတဝေပုလ္လကျောင်းတိုက်
အမှတ် - ၄ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း
ထန်းပင်ချောင်းကျေးရွာ၊ ပေါက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။

၁၃။ ဘဒ္ဒန္တ အာဒိစ္စ
ဇေတဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
အမှတ် - ၃ ရပ်ကွက်၊ ငှက်ပစ်တောင်ရပ်၊
ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး။

၁၄။ ဘဒ္ဒန္တ ထေရာဝံသ
မြို့တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း
သီရိမင်္ဂလာရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၅။ ဘဒ္ဒန္တ အရိယဝံသ
ရွှေစေတီပရိယတ္တိစာသင်တိုက်
ရွှေစေတီဘုန်းတော်ကြီးသင်ပညာရေးကျောင်း
ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်။ ။အဆုံး**

၁၆။ ဘဒ္ဒန္တ ဂန္ဓမာ
မန်အိုင်ခေးတိုင်းကျောင်းတိုက်
အမှတ် - ၅ ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်။

၁၇။ ဘဒ္ဒန္တ ရာဇိန္ဒ
အောင်မင်္ဂလာဝမ်အဲန်ပရိယတ္တိစာသင်တိုက်
ရပ်ကွက် - ၂၊ ပင်လုံမြို့၊ ရှမ်းပြည်နယ်။

၁၈။ ဘဒ္ဒန္တ ဝိဇေယျ
မြို့လယ်မင်္ဂလာရုံကျောင်းတိုက်
အမှတ် - ၃ ရပ်ကွက်၊ သိန်းနီမြို့၊ ရှမ်းပြည်နယ်။

၁၉။ ဘဒ္ဒန္တ ကုမာရ
ကွင်းကျောင်းတိုက်
ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
ကျိုက်ပိကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၂၀။ Ven. Thieu Quou Trung (or) Ven. Sui Minh Tong
(ဘဒ္ဒန္တ ထိဒုကွေ့ထရန် (ခ) ဆူအီမင့်တန်)
Bao Tang Chon Ngon Tong ကျောင်း
Dai Lai မြို့၊ Dai Lai ပြည်နယ်၊ ဗီယက်နမ်နိုင်ငံ။

၂၁။ ဘဒ္ဒန္တစန္ဒြမုနိ
အလောကတီလကျောင်း
ခက္ခရာသရီမြို့၊ ခက္ခရာသရီခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ။

**သီလရှင်ဆရာကြီးများ**

၂၂။ ဒေါ်စန္ဒသိင်္ဂီ
တိုင်းရင်းသားမိဘမဲ့သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်း
ဝဲကျွန်းညောင်ရမ်းရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။

၂၃။ ဒေါ်သီရိစန္ဒာ
သန္တိသုခသီလရှင်သင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း
ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၂၄။ Dr. Apinat Kitiptunt (ဒေါက်တာအာပီနက်ကီတစ်တန့်)
အိမ်အမှတ် - ၂၇၅၊ ဝေဘာဝတီလမ်း၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ သုဇာတ
ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်
အမှတ် - ၉၊ ရတနာဒီပရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၂။ ဘဒ္ဒန္တ ဝရဉာဏ
မင်းရပ်ချောင်ပဋိပတ္တိသာသနာ့ရိပ်သာ
မင်းရပ်ကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။

၃။ ဘဒ္ဒန္တ ဝင်္ဂီသ
ဝမ်းတော်ပြည့်ပရိယတ္တိပဋိပတ္တိသာသနာပြုကျောင်းတိုက်
ကျီတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။

၄။ ဘဒ္ဒန္တ အာစာရသိက္ခ
ကသစ်ဝိုင်အောင်ချမ်းသာဓမ္မရိပ်သာကျောင်းတိုက်
အောင်ချမ်းသာ - ၃ ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်။ ။ အဆုံး**

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၅။ ဘဒ္ဒန္တ ကုသလ (အရှင်စင်တောက်)
လင်ဂျူးတောင်ဗုဒ္ဓသာသနာပြုစခန်း
ဟောင်ကောင်မြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

**မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ ပရမ
ကံသာဓမ္မရိပ်သာကျောင်းတိုက်
ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ဘဒ္ဒန္တ ဇာဂရ
ရေဦးကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက်
အမှတ် - ၂ ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်။

**ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တ သြဘာသ
အဖွဲ့ခွဲအမှတ် - ၇၇၄၊ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်
ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ အဂ္ဂစာရ
မြို့ဦးဓမ္မာရုံကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ
လယ်ဝေးမြို့၊ နေပြည်တော်။

၃။ ဘဒ္ဒန္တ သောဘန
တောင်ပေါ်ကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ
မုရစ်ကြီးကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။

၄။ ဘဒ္ဒန္တ နန္ဒသာရ
သုဓမ္မာကျောင်းတိုက်၊
မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် - ၅၀၈
ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ဘဒ္ဒန္တ သီလဝံသ
သစ္စဝါဒီဓမ္မရိပ်သာကျောင်းတိုက်
(၁၀) လမ်း၊ အမှတ် - ၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ဘဒ္ဒန္တ သုပညာ
ကမ္မဋ္ဌာန်းတောင်ကျောင်း
(မူလမင်းကွန်းဇေတဝန်သာသနာ့မာရ်အောင်ကမ္မဋ္ဌာန်းတိုက်)
စယ်လန့်ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၇။ Zhao Wendida (ဘဒ္ဒန္တ ဝဏ္ဏိတ)
ဗောဓိစီကျောင်းတိုက်
မန်စီမြို့၊ ယူနန်ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

**အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်**

၁။ ဒေါ်ခင်လှ
အကွက်အမှတ် - ၁၉၉၊ ဆိုင်းတန်းရပ်၊ သဘော်တန်း၊
၂၆ (ဘီ) လမ်း × ၈၉ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

၂။ ဒေါ်ခင်ကြည်
အမှတ် - ၈၆၇၊ မဟာဗောဓိလမ်း၊ ၈-ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်။ ။ အဆုံး**

**သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးတင်ရွှေ
အမှတ် - ၁၀၊ သီရိဂုဏ်ရည်ခြံ၊ ဥတ္တရလစ်ရေကူးကန်လမ်း၊
ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးသန်းထွန်း
မန်ကျီးကုန်းလမ်း၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်**

၁။ ဒေါ်မာမာ
အမှတ် - ၁၉၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား ၁-ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**

၁။ ဦးကျော်စွာဝင်း (ခ) ဦးမြကျော်စွာဝင်း
တိုက်အမှတ် - ၃၃၊ ၂၅ လမ်း၊ ၈၁ × ၈၂ လမ်းကြား၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂။ ဦးရွှေသိုင်း
အမှတ် - ၁၈၊ ဘောက်ထော်ဘုတာရုံလမ်း၊ ၁၅-ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ ဦးအောင်ကြည်
တိုက် - ၄၊ အခန်း - ၀၀၂၊ သာယာကုန်းလမ်း၊
၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ဒေါက်တာဦးရဲအောင်
အမှတ် - ၂၇/က၊ ဖိုးစိန်လမ်း၊ ဗိုလ်ချို ၂-ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ဦးစိုင်းအုန်းခင်
အိမ်အမှတ်-၃၃၊ ဟတ်ဟင်ကျေးရွာ၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်။

၆။ ဦးငွေမြင့်
အမှတ်-၁၀၊ ခိုင်ရွှေဝါလမ်း၊ မြစန္ဒာရပ်ကွက်၊
မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်**

၇။ မစ္စတာလျူဝေချွန် (Mr. Liu Wei Chun)
No. 44, 2F, Ln-221, Huanhe S.Rd, Sanchong Dist,
New Taipei City, Taiwan၊ တရုတ်တိုင်ပေ။

**သုဓမ္မသီဂီဘွဲ့တံဆိပ်**

၁။ ဒေါ်နွဲ့နွဲ့
အမှတ် - ၇ ရပ်ကွက်၊ ကျီကုန်းရပ်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ဒေါ်မြမြဝင်း
အမှတ် - ၈/၁၅၊ နေဇာလမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊
မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ဒေါ်ချောချော (ခ) ဒေါ်အေးချော
အကွက်အမှတ် - ၆၆၁၊ ၇၉-လမ်း၊ ၃၉ × ၄၀ လမ်းကြား၊
ဟေမမာလာတောင်ရပ်ကွက်၊ မှန်တန်းရပ်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

**သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်။ ။အဆက်**

၄။ ဒေါ်ဝင်းကြည် (ခ) ဒေါ်ခင်ဝင်းကြည်
အမှတ် - ၉/၂၂၊ ၂၄-လမ်း၊ ၅၉ × ၆၀ လမ်းကြား၊
မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။

၅။ ဒေါက်တာဒေါ်သင်းသင်း
အမှတ် - ၃-စီ၊ မေခလမ်း၊ ၇-ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ဒေါ်လှကြည်
အမှတ် - ၁၈/၁၉၊ စိတ္တသုခလမ်း၊ ၇-ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ဒေါ်အေးအေးမာ
အမှတ် - ၁၂/၁၄၊ ရွှေဘုံသာလမ်း၊ ၃-ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်။ ။အဆုံး**

၈။ ဒေါ်ဝေဝေမွန်
အမှတ် - ၉၀၊ အင်းယားလမ်း၊ ၉-ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ဒေါ်ဖြူဖြူစိမ်း
အမှတ် - ၄၂၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား ၂-ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ဒေါ်မြင့်မြင့်သန်း
တမန်ချောင်းကျေးရွာ၊ မန်ကျည်းပင်ကျေးရွာအုပ်စု၊
ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**[ ယခင်အပတ် ရခိုင်ပြည်နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေအမှတ် ၆ မှအဆက် ]**

## အခန်း (၃)
## ကော်မတီရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၅။ ပြည်နယ်အစိုးရအဖွဲ့သည် -

(က) ကော်မတီရွေးချယ်ရေးအဖွဲ့ကို မော်တော်ယာဉ်ပိုင်ရှင်များအပြင် သင့်လျော်သောနိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဥက္ကဋ္ဌ အပါအဝင် အများဆုံးအဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ဂ) ကော်မတီရွေးချယ်ရေးအဖွဲ့၏ သက်တမ်းသည် ကော်မတီကို ဖွဲ့စည်းပြီးကြောင်း အစီရင်ခံစာ တင်သွင်းပြီးချိန်အထိ ဖြစ်သည်၊

(ဃ) ကော်မတီဖွဲ့စည်းရေးအတွက် လုပ်ထုံးလုပ်နည်းသတ်မှတ်ပေးရမည်။

၆။ ကော်မတီရွေးချယ်ရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့်စရိတ်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်း

၇။ ကော်မတီရွေးချယ်ရေးအဖွဲ့သည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ကော်မတီဝင်ဦးရေ အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးအထိ ပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ရွေးချယ်ခံရသူများက ၎င်းတို့အနက်မှ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ရမည်၊

(ဃ) ကော်မတီ၏သက်တမ်းသည် နှစ်နှစ်ဖြစ်သည်၊

(င) ကော်မတီဝင်လစ်လပ်ပါက သတ်မှတ်ချက်များနှင့်အညီ အစားထိုးရွေးချယ်ရမည်။ အသစ်ခန့်ထားသည့် ကော်မတီဝင်၏သက်တမ်းသည် ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်။

၈။ ကော်မတီအသစ်ရွေးချယ်ပြီးသည့်အခါ ကော်မတီ၏ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို ကော်မတီအသစ်ထံသို့ ခုနစ်ရက်အတွင်း စနစ်တကျလွှဲပြောင်းပေးရမည်။

၉။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

၁၀။ ကော်မတီသည် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့အား တာဝန်ခံရမည်။

## အခန်း (၅)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၁။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် ဆောင်ရွက်ခြင်း၊

(ခ) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မော်တော်ယာဉ်အသင်းများ စနစ်တကျရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မော်တော်ယာဉ်လုပ်ငန်းများ အစဉ်တိုးတက်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းကြပ်မတ်ရာတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကော်မတီ၏ကြီးကြပ်မှုအောက်တွင် အကျုံးဝင်သည့် ယာဉ်နှင့်ယာဉ်လုပ်သားများအား တည်ဆဲဥပဒေနှင့်အညီ လိုက်နာရန် ညွှန်ကြားခြင်း၊

(ဆ) ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် အခါအားလျော်စွာတွေ့ဆုံဆွေးနွေးခြင်း၊

(ဇ) ယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများ၏ဘဝတိုးတက်စေရေး ကြံဆဆောင်ရွက်ခြင်း၊

(ဈ) ရငွေ၊ သုံးငွေများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ည) ကော်မတီ၏အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပခြင်း၊ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပခြင်း၊

(ဋ) ကော်မတီ နှစ်ပတ်လည်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခြင်း၊

(ဌ) မိမိလက်အောက်ရှိဝန်ထမ်းများအား ကြီးကြပ်ခြင်း၊

(ဍ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သော ခေတ်မီပို့ဆောင်ရေးစနစ်ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဎ) ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၂။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်လိုသော ယာဉ်ပိုင်ရှင်အား သတ်မှတ်ချက်များနှင့်အညီ ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ လျှောက်ထားစေခြင်း၊

(ခ) မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သော ယာဉ်ပိုင်ရှင်နှင့် မော်တော်ယာဉ်အသင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်၍ လုပ်ကိုင်ဆောင်ရွက်စေခြင်း၊

(ဂ) ဥပဒေအရ မှတ်ပုံတင်ပြီးသော မော်တော်ယာဉ်၊ မော်တော်ယာဉ်လုပ်ငန်း၊ မော်တော်ယာဉ်လိုင်းများအား စနစ်တကျရှိစေရန်အတွက် စီမံဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်အသင်းများ၊ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများလိုက်နာရန် စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(င) မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်အသင်းများ၊ မော်တော်ယာဉ်ပိုင်ရှင်များနှင့် မော်တော်ယာဉ်လုပ်သားများအကြား ဖြစ်ပေါ်လာသည့် ပြဿနာများနှင့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခြင်း၊ မဖြေရှင်းနိုင်သောကိစ္စရပ်များကို ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(စ) ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊

(ဆ) ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

၁၃။ လေထုညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်ဆူညံမှုကို ဖြစ်ပေါ်စေသည့် ထော်လာဂျီကဲ့သို့သောယာဉ်များ၊ မော်တော်ယာဉ်အင်္ဂါရပ်နှင့် မညီညွတ်သောယာဉ်များ သွားလာရန်အတွက် နယ်မြေကန့်သတ်ပေးခြင်းကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၄။ အများပြည်သူဆိုင်ရာယာဉ်ရပ်နားရန်နေရာများတည်ဆောက်ခြင်း၊ သတ်မှတ်ခြင်း၊ ရပ်နားခြင်းမပြုရန်တားမြစ်သည့်နေရာများ၊ ကန့်သတ်နေရာများ သတ်မှတ်ခြင်း၊ ယာဉ်ရပ်နားခြင်းဆိုင်ရာစည်းကမ်းများ ထုတ်ပြန်သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းကို ဆောင်ရွက်ရမည်။

## အခန်း (၇)
## ဘဏ္ဍာရေး

၁၅။ ကော်မတီသည် -

(က) မိမိ၏စီမံခန့်ခွဲမှုအောက်ရှိ မော်တော်ယာဉ်များ၊ မော်တော်ယာဉ်လုပ်ငန်းများ၊ မော်တော်ယာဉ်လိုင်းများ၊ မော်တော်ယာဉ်အသင်းများအပေါ်တွင် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံရရှိသောရန်ပုံငွေဖြင့် ရပ်တည်ရမည်၊

(ခ) မိမိ၏ရန်ပုံငွေနှင့်အခြားနည်းလမ်းဖြင့် ရရှိသောငွေများကို ဘဏ်စာရင်းဖွင့်လှစ်ထားရှိရမည်၊

(ဂ) ကော်မတီ၏ လုပ်ငန်းအသုံးစရိတ်များအတွက် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ သုံးစွဲရမည်၊

(ဃ) မိမိလက်ခံရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကော်မတီ၏လုပ်ငန်းများတွင် သုံးစွဲရမည်၊

(င) မိမိရန်ပုံငွေရရှိစေရန် တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲရမည်၊

(စ) ရုံးအဖွဲ့မှူးက ရေးဆွဲတင်ပြသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ဆ) ရငွေများနှင့် အသုံးစရိတ်များအတွက် လချုပ်နှင့်နှစ်ချုပ်ငွေစာရင်းများကို စစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ဇ) ကော်မတီမှ အတည်ပြုပြီးသော ရငွေ၊ သုံးငွေစာရင်းနှင့် ဘဏ္ဍာရေးအခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သက်ဆိုင်ရာစာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုကိုခံယူ၍ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ရက်ပေါင်း ၉၀ အတွင်း ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ထံ တင်ပြရမည်၊

(ဈ) စုဆောင်းထားရှိသော ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွားစေရန် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပြုရမည်။

## အခန်း (၈)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၁၆။ ကော်မတီသည် ကော်မတီရုံး၏ လုပ်ငန်းစာရင်းဇယားများနှင့် ရငွေ၊ သုံးငွေစာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန် ငွေစာရင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၁၇။ ရုံးအဖွဲ့မှူးသည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းရမည်၊

(ခ) ကော်မတီက အခါအားလျော်စွာ စာရင်းစစ်ဆေးလိုသည့်အခါ စစ်ဆေးခံနိုင်ရန် ဆောင်ရွက်ထားရမည်၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ပြုစုထားသည့် စာရင်းများနှင့် စပ်လျဉ်း၍ တစ်နှစ်လျှင်တစ်ကြိမ် ပြည်နယ်စာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၉)
## ဝန်ထမ်းဖွဲ့စည်းခြင်း

၁၈။ ကော်မတီသည် -

(က) ဝန်ထမ်းဖွဲ့စည်းပုံကို လုပ်ငန်းတာဝန်များအပေါ် အခြေခံလျက် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်၊

(ခ) ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခန့်ထားနိုင်သည်။

(ဂ) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသောဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်းမပြုရ၊

(ဃ) ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရုံးအဖွဲ့မှူးအား လိုအပ်သလို လွှဲအပ်နိုင်သည်။

## အခန်း (၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၉။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်သော စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ အမိန့် ညွှန်ကြားချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သူ သို့မဟုတ် လိုက်နာရန် ပျက်ကွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်တပ်ရိုက်ခြင်း၊

(ဂ) မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် မော်တော်ယာဉ်အသင်းနှင့်မော်တော်ယာဉ်လိုင်းများ ပြေးဆွဲခွင့်အား အချိန်ကာလကန့်သတ်၍ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်ရန် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း။

၂၀။ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ရာတွင် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၁၁)
## အယူခံဝင်ခြင်း

၂၁။ ပုဒ်မ ၁၉ အရ ကော်မတီက ချမှတ်သည့် အမိန့်ကိုမကျေနပ်သူသည် ထိုအမိန့်ကို လိုက်နာဆောင်ရွက်ပြီးမှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂၂။ ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့သည် ကော်မတီမှချမှတ်သောအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၃။ ပုဒ်မ ၂၂ အရ ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ကို လိုက်နာဆောင်ရွက်ပြီးမှ ရက်ပေါင်း ၆၀ အတွင်း ပြည်နယ်အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂၄။ ပုဒ်မ ၂၃ အရ အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ။

၂၅။ ပြည်နယ်အစိုးရအဖွဲ့မှ ချမှတ်သောအမိန့်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ ပုဒ်မ ၁၉ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၇။ ကော်မတီဝင် သို့မဟုတ် ဝန်ထမ်းများ တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် မည်သူမဆို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မှု ကျူးလွန်လျှင် ထိုသူသည် ခြောက်လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၂၈။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၃)

## အထွေထွေ

၂၉။ ဤဥပဒေသည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈၊ ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ၊ ၁၉၆၄ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာနည်းဥပဒေများ၊ ၁၉၆၅ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာစည်းကမ်းများ၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (ဗဟို) ၏ လုပ်ငန်းများဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၃၀။ ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူသည့်ပြစ်မှုများမှအပ ကျန်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၁။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ကော်မတီဝင်တစ်ဦးကို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၂။ ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့ဝင်များနှင့် ကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် စရိတ်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၃၃။ ပုဒ်မ ၂၆၊ ၂၇၊ ၂၈ တို့အရ တရားစွဲဆိုရာတွင် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၃၄။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားသည့် ပြည်နယ်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖွဲ့၊ ကော်မတီခွဲများကို လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်သိမ်းခြင်းတို့ ပြုလုပ်နိုင်သည်။

၃၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးသည် -

(က) လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရခိုင်ပြည်နယ်လွှတ်တော်**

**ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၇။ )**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေပုဒ်မ ၅၊ ၆ နှင့် ၇ တို့ကို ပယ်ဖျက်ရမည်။

၃။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေပုဒ်မ ၅ အား အောက်ပါအတိုင်း အစားထိုးရမည် -

"ပုဒ်မ ၅။ ဝန်ကြီးသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသည့်ပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေး (သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်း ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့မိမြို့ဖများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (င) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဦးစီးမှူး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့" | အတွင်းရေးမှူး |

၄။ ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၆ အား အောက်ပါအတိုင်း အစားထိုးရမည် -

"ပုဒ်မ ၆။ ပုဒ်မ ၅ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) အရ ရွေးချယ်ရာတွင် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူကို ရွေးချယ်တာဝန်ပေးအပ်ရမည် -

(က) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသော နိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် (၂၅) နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သင့်လျော်သောပညာအရည်အချင်းရှိသူဖြစ်ခြင်း၊

(ဃ) စားဝတ်နေရေးဖူလုံမှုရှိသူဖြစ်ခြင်း၊

(င) မြို့ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊

(စ) မြို့ရွာ၏အကျိုးကို စေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူဖြစ်ခြင်း"

၅။ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဥပဒေပုဒ်မ ၇ အား အောက်ပါအတိုင်း အစားထိုးရမည် -

"ပုဒ်မ ၇။ ပုဒ်မ ၅ ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) အရ သတ်မှတ်ထားသည့် ဝန်ထမ်းခန့်ထားမှုမရှိပါက သက်ဆိုင်ရာဌာနများမှ သင့်လျော်သည့်ဝန်ထမ်းများကို တာဝန်ပေးအပ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်လွှတ်တော်

## ရခိုင်ပြည်နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၈။ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

### နိဒါန်း

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရခိုင်ပြည်နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရခိုင်ပြည်နယ်ကို ဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ်ဝန်ကြီးကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ်ဝန်ကြီးဌာနကို ဆိုသည်၊

(င) **မီးဘေးအန္တရာယ်**ဆိုသည်မှာ ပေါ့ဆမီး၊ သဘာဝနှင့်ဆက်နွယ်၍ပေါ်ပေါက်သော မီးဘေး၊ ရှို့မီးများနှင့် အခြားမီးဘေးအန္တရာယ်အမျိုးမျိုးကို ဆိုသည်၊

(စ) **ကော်မတီ**ဆိုသည်မှာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီများကို ဆိုသည်၊

(ဆ) **မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်၊

(ဇ) **အရန်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကို ဆိုသည်၊

(ဈ) **သီးသန့်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်၊

(ည) **စေတနာ့ဝန်ထမ်း**ဆိုသည်မှာ မီးဘေးအန္တရာယ်ကျရောက်လာပါက မိမိဆန္ဒအလျောက် ပါဝင်ကူညီဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူတို့၏ အသက်အိုးအိမ်၊ စည်းစိမ်၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်၊

(ခ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များ၊ သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရန်၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) မီးဘေးအန္တရာယ်ကျရောက်သည့်အခါ ဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် ကြိုတင်ဆောင်ရွက်သင့်သည်များကို စီမံချက်များဖြင့် ဆောင်ရွက်ရန်၊

(ဃ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထုအား အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ရန်၊

(င) မီးဘေးအန္တရာယ်ကျရောက်လာလျှင် အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့တွင် ပြည်သူများ နိုးကြားစွာ ပူးပေါင်းပါဝင်ရေးအတွက် စည်းရုံးဆောင်ရွက်ရန်။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် ပြည်နယ်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ ပြည်နယ်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအား ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်သလိုဖွဲ့စည်းနိုင်သည်။

၆။ ပြည်နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီများကို လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၇။ မြို့နယ်၊ မြို့နယ်ခွဲ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း (၄)
## ကော်မတီများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းအစီအမံများ ချမှတ်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာမီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ခြင်း၊

(ဂ) မီးဘေးအန္တရာယ်ကျရောက်သည့်အခါ ကြိုတင်ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း။

၉။ ပြည်နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်း၊ တာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၅)
## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၁၀။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် -

(က) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သည့်စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်၊

(ခ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် ချမှတ်ထားသော လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ရမည်၊

(ဂ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန် ပညာပေးစည်းရုံးခြင်း ပြုရမည်၊

(ဃ) မီးဘေးအန္တရာယ်ကျရောက်သည့်အခါ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲရမည်၊

(င) ပြည်သူများလိုက်နာရမည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကို အခါအားလျော်စွာထုတ်ပြန်ပြီး လိုက်နာခြင်း ရှိ-မရှိ လိုအပ်သလို စစ်ဆေးခြင်းပြုရမည်၊

(စ) မီးသတ်ယာဉ်၊ ကွပ်ကဲရေးယာဉ်၊ စက်ကိရိယာပစ္စည်းများ၊ ရေ၊ စက်သုံးဆီနှင့် ချောဆီ စသည်တို့ကို အဆင်သင့်အသုံးပြုနိုင်ရန် စနစ်တကျကြိုတင်စုဆောင်းထားရှိရမည်၊

(ဆ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ စက်ရုံ၊ အလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ဆေးရုံ၊ ကျောင်း၊ ရုပ်ရှင်ရုံနှင့် ဈေးများတွင် လျှပ်စစ်မီး၊ ထင်း၊ မီးသွေးနှင့် အခြားမီးသုံးစွဲမှုတို့ကို လိုအပ်သလိုစစ်ဆေးကြပ်မတ်ရမည်၊

(ဇ) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ အရက်ဆီ၊ မက်သနော စသည့် လောင်စာဆီအမျိုးမျိုးကို တရားမဝင်သယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ လူနေရပ်ကွက်အတွင်း သိုလှောင်ထားခြင်း၊ ရောင်းချခြင်းတို့ကို စစ်ဆေးတားဆီး အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်၊

(ဈ) မီးသတ်ဝန်ထမ်းများအတွက် အကာအကွယ်ပစ္စည်းများ ပြည့်စုံစွာ ဆောင်ရွက်ထားခြင်း ရှိ-မရှိ စစ်ဆေးကြပ်မတ်ရမည်။

၁၁။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကော်မတီအဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ရာသီအလိုက် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊ ထိုလုပ်ငန်းများအား စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ မီးသတ်ဆေးဘူးနှင့် မီးသတ်ကိရိယာများ လုံလောက်စွာစီစဉ်ထားခြင်း ရှိ-မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ဂ) မီးငြိမ်းသတ်ရန် ရေလုံလောက်စွာရရှိရေးအတွက် မီးသတ်ရေငုတ်နှင့် မီးသတ်ရေလှောင်ကန်များ ဆောက်လုပ်ခြင်းကို စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မီးဘေးအန္တရာယ်ကျရောက်ချိန်တွင် မီးသတ်ယာဉ်များဝင်ရောက်ရန် အခက်အခဲရှိမည့် ရပ်ကွက်အလိုက် လမ်းများ၊ လမ်းကြားများအား မြို့နယ်မီးသတ်ဦးစီးဌာနက စာရင်းပြုစုပြီး လမ်းတိုးချဲ့ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အဆောက်အအုံများ ဆောက်လုပ်ရာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေး သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေခြင်း။

## အခန်း (၆)
## တားမြစ်ချက်များ

၁၂။ မည်သူမဆို မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ အရက်ဆီ၊ မက်သနော စသည့် လောင်စာဆီအမျိုးမျိုးကို လူနေရပ်ကွက်အတွင်း တရားမဝင်ရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာ သိုလှောင်ခြင်းမပြုရ။

၁၃။ မည်သူမဆို မီးဘေးအန္တရာယ်တစ်ခုခု ဖြစ်ပွားနေသည့် အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင် တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ယူနေသူ တစ်ဦးဦးကို ဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကို ဖြစ်စေ၊ စေတနာ့ဝန်ထမ်းနှင့် လူမှုရေးအသင်းအဖွဲ့အစည်းဝင်တစ်ဦးဦးကိုဖြစ်စေ နှောင့်ယှက်ဟန့်တားခြင်း မပြုရ။

၁၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

၁၅။ မည်သူမဆို သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က ထုတ်ပြန်သည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၆။ မည်သူမဆို ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၇။ မည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၈)

## အထွေထွေ

၁၉။ ကော်မတီများသည် မိမိ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ တောင်းခံရယူ နိုင်သည်။

၂၀။ ပြည်နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ၏ တာဝန်ပေးခြင်းခံရသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ပြည်နယ်မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ၏ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၂၁။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကိစ္စ တစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့်သော် လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ပြည်နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်သလို အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်
# ရခိုင်ပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉။ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

## နိဒါန်း

ရခိုင်ပြည်နယ် လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း လောင်စာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်နှင့် ရသင့်ရထိုက်သော အခွန်အခများကို ရရှိစေရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရခိုင်ပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရခိုင်ပြည်နယ်ကို ဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ရခိုင်ပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရခိုင်ပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်၊

(င) **ဦးစီးဌာန**ဆိုသည်မှာ ရခိုင်ပြည်နယ်သစ်တောဦးစီးဌာနကို ဆိုသည်၊

(စ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ရခိုင်ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးကို ဆိုသည်၊

(ဆ) **အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ဆိုသည်၊

(ဇ) **ကော်မတီ**ဆိုသည်မှာ ရခိုင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု၊ ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီများကို ဆိုသည်၊

(ဈ) **ကျေးရွာထင်းစိုက်ခင်း**ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာလူထုက စိုက်ပျိုးတည်ထောင်ထားသော ကျေးရွာထင်းစိုက်ခင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းထားသော ကျေးရွာထင်းစိုက်ခင်းကို ဆိုသည်၊

(ည) **ကြိုးဝိုင်းတော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ် သတ်မှတ်ကြေညာထားသော နယ်မြေကို ဆိုသည်၊

(ဋ) **ကြိုးပြင်ကာကွယ်တောဆို**သည်မှာ သစ်တောဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသောနယ်မြေကို ဆိုသည်၊

(ဌ) **သစ်တောနယ်မြေ**ဆိုသည်မှာ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သော နယ်မြေကို ဆိုသည်၊

(ဍ) **ကြိုးပြင်အပတော**ဆိုသည်မှာ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် လွတ်ကင်းသည့် ပြင်ပတောနယ်မြေကို ဆိုသည်၊

(ဎ) **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေများကို ဆိုသည်၊

(ဏ) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ် အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်မြစ်၊ သစ်ငုတ်၊ သစ်ပိုင်း၊ သစ်စကို ဆိုသည်၊

(တ) **မျှောစာ**ဆိုသည်မှာ သစ်တောထွက်ပစ္စည်းများကို မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းနိုင်ရန် သစ်တောဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်၊

(ထ) **သစ်တောထွက်ပစ္စည်း**ဆိုသည်မှာ သစ်တောဥပဒေအရ သတ်မှတ်ထားသည့် သစ်တောထွက်ပစ္စည်းများကို ဆိုသည်၊

(ဒ) **နယ်နိမိတ်အမှတ်အသား**ဆိုသည်မှာ ကျောက်တိုင်၊ ကွန်ကရစ်တိုင်၊ သံတိုင်၊ သစ်သားတိုင်၊ သစ်လုံး၊ ကျောက်ပုံ၊ သစ်ပင်တွင် သတ်မှတ်ထားသော အမှတ်အသား သို့မဟုတ် တစ်နည်းနည်းဖြင့် ထင်းစိုက်ခင်း၏ သတ်မှတ်နယ်နိမိတ်ကို ဖော်ပြထားသော အမှတ်အသားကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ထင်းလောင်စာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်၊

(ခ) ကျေးလက်ဒေသများတွင်လည်းကောင်း၊ ရွာချင်းဆက်တာလမ်းမကြီးများ၏ ဘေးတစ်ဖက်တစ်ချက်တွင်လည်းကောင်း ကြီးမြန်လွယ်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူဖြစ်စေရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ခြင်းအားဖြင့် ကျေးလက်ဒေသနေပြည်သူများ စဉ်ဆက်မပြတ်အကျိုးခံစားနိုင်စေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပြည်သူတို့၏စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်၊

(ဃ) ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒနှင့် သစ်တောရေးရာထင်းစိုက်ခင်းမူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(င) မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန်၊

(စ) ပြည်နယ်အစိုးရအဖွဲ့မှ ရသင့်ရထိုက်သောအခွန်အခများ ရရှိစေရန်။

## အခန်း (၃)
## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း၊ သတ်မှတ်ကြေညာခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဝန်ကြီးသည် ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာရာတွင် အောက်ပါတို့ ပါဝင်စေရမည် -

(က) ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေရိုင်းများ ဖြစ်ရမည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိသော ကြိုးပြင်အပတော ဖြစ်ရမည်၊

(ဂ) ပိုင်ရှင်၏ သဘောတူခွင့်ပြုချက်ရရှိသော ပုဂ္ဂလိကပိုင်မြေများ၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပိုင်ဆိုင်သည့် မြေများဖြစ်ရမည်၊

(ဃ) ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်ရန် ကြေညာရာတွင် အောက်ပါအချက်များ ပါဝင်ရမည် -

(၁) တည်နေရာ၊ နယ်နိမိတ်နှင့်အကျယ်အဝန်း၊

(၂) အမည်နှင့်အမျိုးအစား၊

(၃) ကျေးရွာထင်းစိုက်ခင်းထူထောင်ရေးကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ၊

(၄) ဒီရေတောထင်းစိုက်ခင်း စိုက်ပျိုးနိုင်သောမြေများ။

၅။ ပြည်နယ်အစိုးရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းများစိုက်ပျိုးရန် တင်ပြလာသော ပြည်နယ်ကော်မတီ၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ပြီး ကျေးရွာထင်းစိုက်ခင်းသတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ထုတ်ပြန်ထားသော ကျေးရွာထင်းစိုက်ခင်းများ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းကြောင်း အများပြည်သူ သိရှိစေရန် အတွက် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၄)
## ကော်မတီများ ဖွဲ့စည်းခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဝန်ကြီး
ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူး
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ဒုတိယညွှန်ကြားရေးမှူး
ရခိုင်ပြည်နယ်မြေစာရင်းဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူး
ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူး
ပြည်နယ်သစ်တောဦးစီးဌာန — အတွင်းရေးမှူး

၈။ ဝန်ကြီးသည် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) ခရိုင်ကော်မတီ

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြေစာရင်းဦးစီးမှူး၊ ခရိုင်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်သစ်တောဦးစီးဌာန | အတွင်းရေးမှူး |

(ခ) မြို့နယ်ကော်မတီ

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြေစာရင်းဦးစီးဌာနမှူး<br>မြို့နယ်မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းရှင်များမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန | အတွင်းရေးမှူး |

(ဂ) ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မတီ

| | | |
|---|---|---|
| (၁) | အုပ်ချုပ်ရေးမှူး<br>ရပ်ကွက်နှင့်ကျေးရွာအုပ်စု | ဥက္ကဋ္ဌ |
| (၂) | အုပ်စုမြေတိုင်းစာရေး<br>မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | စိုက်ပျိုးရေးဝန်ထမ်း<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းရှင်များမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | ဘီနယ်တာဝန်ခံ<br>သစ်တောဦးစီးဌာန | အတွင်းရေးမှူး |

၉။ ကော်မတီအသီးသီး၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ နှစ်နှစ်ဖြစ်သည်။

## အခန်း (၅)
## ကော်မတီများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ပြည်နယ်ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ကျေးရွာလူထုကဖြစ်စေ၊ အသင်းအဖွဲ့များကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီကဖြစ်စေ ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးရန် လျှောက်ထားချက်များကို စိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးရန်၊

(ခ) ရေမြေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု ကျေးရွာထင်းစိုက်ခင်းများ ဖော်ဆောင်ရန်၊

(ဂ) ဒေသလိုအပ်ချက်ကို အထောက်အကူဖြစ်စေသည့် ကျေးရွာထင်းစိုက်ခင်းများ ဖော်ဆောင်ရန်၊

(ဃ) ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲခွင့်ရှိသောမြေတွင် အောက်ဖော်ပြပါ ကျေးရွာထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုရန် -

(၁) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာသို့ ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း၊

(၂) ကျေးရွာလူထုကဖြစ်စေ၊ အသင်းအဖွဲ့များကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ စိုက်ပျိုး ထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်း။

(င) အထက်အပိုဒ်ခွဲ (ဂ) ပါ ကျေးရွာထင်းစိုက်ခင်းများနှင့်စပ်လျဉ်း၍ -

(၁) ပြည်နယ်သစ်တောဦးစီးဌာနသည် ကျေးရွာထင်းစိုက်ခင်းများ စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသ၏ လိုအပ်ချက်နှင့်ကိုက်ညီသော သစ်ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးရေး စီစဉ်ရန်၊

(၂) ကျေးရွာထင်းစိုက်ခင်းများ စတင်စိုက်ပျိုးချိန်မှ ခုတ်လှဲချိန်အထိ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သော နည်းပညာနှင့် အကြံဉာဏ်များကို ရယူ ဆောင်ရွက်ရန်၊

(၃) ကျေးရွာထင်းစိုက်ခင်းစိုက်ပျိုးရေး မြို့နယ်အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက် စေရန်။

၁၁။ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မတီများသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပြည်နယ်ကော်မတီ၏ လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ကျေးရွာထင်းစိုက်ခင်းများကို တည်ဆဲ သစ်တောဥပဒေနှင့်အညီ စိုက်ပျိုးရန်အတွက် စီမံဆောင်ရွက်ရန်၊

(ဂ) မြို့ချင်းဆက်၊ ရွာချင်းဆက်၊ တာလမ်းမကြီးများ၏လမ်းဘေးဝဲယာများတွင် ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာသတ်မှတ်နယ်နိမိတ်အလိုက် ဆောင်ရွက်ရန်၊

(ဃ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် ဒီရေတောထင်းစိုက်ခင်းများကို ဒေသ အလိုက် စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊

(င) ကျေးရွာထင်းစိုက်ခင်းများ၊ ဒီရေတောထင်းစိုက်ခင်းများ ထူထောင်ရန်အတွက် လိုအပ်သည့် နည်းပညာ၊ အကြံဉာဏ်များနှင့် ပျိုးပင်များကို သက်ဆိုင်ရာသစ်တောဦးစီးဌာနမှ ရယူနိုင်ရေး အတွက် စီမံဆောင်ရွက်ရန်၊

(စ) ကျေးရွာထင်းစိုက်ခင်းအတွင်းသို့ ကျွဲ၊ နွားနှင့် အခြားတိရစ္ဆာန်များ၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း မရှိစေရေးအတွက် စီမံဆောင်ရွက်ရန်၊

(ဆ) သစ်တောဦးစီးဌာနမှ လွှဲပြောင်းပေးသည့် ကျေးရွာပိုင်ထင်းစိုက်ခင်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြီး ထိန်းသိမ်းသော ကျေးရွာထင်းစိုက်ခင်းမှ ခွင့်ပြုချက်ဖြင့် ခုတ်လှဲသည့်ထင်းများကို ကျေးရွာသုံး အတွက် အခမဲ့ထုတ်ယူသုံးစွဲနိုင်ရေး စီမံဆောင်ရွက်စေရန်၊

(ဇ) အသင်းအဖွဲ့များက ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ စိုက်ပျိုးသည့် ကျေးရွာထင်းစိုက်ခင်းမှ ထင်းထုတ်ယူသုံးစွဲခြင်းကို သတ်မှတ်ချိန်ရောက်မှ ခုတ်လှဲစေရန်။

၁၂။ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ထိန်းသိမ်းပြုစုခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်ယူခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်ကို သက်ဆိုင်ရာကော်မတီက စစ်ဆေးရမည်။

## အခန်း (၆)
## ကျေးရွာထင်းစိုက်ခင်းစိုက်ပျိုးလုပ်ကိုင်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်

၁၃။ ကျေးရွာထင်းစိုက်ခင်းစိုက်ပျိုးလုပ်ကိုင်လိုသူသည် ဤဥပဒေနှင့်အညီ မြို့နယ်ကော်မတီထံ လျှောက်ထားရမည်။

၁၄။ ကျေးရွာထင်းစိုက်ခင်းများအတွက် သက်ဆိုင်ရာကော်မတီ၏ခွင့်ပြုချက်ဖြင့် အသုံးပြုသူများအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၅။ ကျေးရွာထင်းစိုက်ခင်းစိုက်ပျိုးလုပ်ကိုင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့တို့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သစ်တောဦးစီးဌာနက ဖြန့်ဝေပေးသော နည်းပညာများအတိုင်း ဆောင်ရွက်ရန်၊

(ခ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းအတွက် စီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူခြင်း၊ ထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာ စီမံချက်ရေးဆွဲထားရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်းအတွင်း သဘာဝအလျောက်ပေါက်ရောက်နေသော တားမြစ်သစ်ပင်များနှင့် ပတ်သက်၍ သစ်တောဦးစီးဌာနသို့ စနစ်တကျတင်ပြထိန်းသိမ်းထားရန်၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းအား ရောင်းဝယ်ဖောက်ကားခြင်းများအတွက် သတ်မှတ်ထားသည့် အခွန်အခနှုန်းထားများအတိုင်း ပေးဆောင်ရမည့်အပြင် မြို့နယ်ကျော်တင်ပို့ရောင်းချပါက မျှောစာရယူဆောင်ရွက်ရန်၊

(စ) ကျေးရွာထင်းစိုက်ခင်းထွက်ပစ္စည်းများမှ အခြားလောင်စာများ၊ ထင်းလောင်စာများနှင့် တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်။

## အခန်း (၇)
## ကျေးရွာထင်းစိုက်ခင်းထွက်ပစ္စည်းများ ထုတ်ယူခြင်း

၁၆။ ကျေးရွာထင်းစိုက်ခင်းပစ္စည်းများ ထုတ်ယူရာတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသုံးစွဲခြင်းကို သတ်မှတ်ချိန်ရောက်မှသာ ခုတ်ယူအသုံးပြုရန်၊

(ခ) သစ်ပင်များခုတ်ဖြတ်ရာတွင် အပြောင်ခုတ်လှဲခြင်းစနစ်ကို အသုံးမပြုဘဲ ပျိုးပင်ချန်၊ ငုတ်တက်ချန်စနစ်ဖြင့်သာ ထုတ်ယူသုံးစွဲရန်၊

(ဂ) ဒီရေတောထင်းစိုက်ခင်းများမှ ခုတ်ဖြတ်ရာတွင် သဘာဝဘေးအန္တရာယ်ကာကွယ်မှုကို ထိခိုက်စေသည့် ခုတ်လှဲခြင်းမျိုးမဖြစ်စေရန်၊

(ဃ) သဘာဝစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များကို အပြောင်ခုတ်လှဲခြင်းမပြုဘဲ ကိုင်းဖျား၊ ကိုင်းနားနှင့် ခေါင်နှိမ်ခြင်းစနစ်ဖြင့်သာ ထုတ်ယူသုံးစွဲရန်၊

(င) မိမိကျေးရွာသုံး ထင်းလောင်စာလိုအပ်ချက်အတွက် ခုတ်ယူရန်၊ ပိုလျှံသောထင်းနှင့် ထင်းထွက်ပစ္စည်းများကို သတ်မှတ်ထားသော အခွန်အခများ ပေးဆောင်ပြီးမှ ရောင်းချရန်၊

(စ) ထင်းမှ ရရှိသောပစ္စည်းများ၊ အခြားလောင်စာများကို တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုပါက သက်ဆိုင်ရာကော်မတီ၏ခွင့်ပြုမိန့် ရယူပြီးမှ ထုတ်ယူရန်၊

(ဆ) ကျေးရွာထင်းစိုက်ခင်းထွက်ပစ္စည်းထုတ်ယူရာတွင် မိမိအိမ်ထောင်စုသုံးအတွက် စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ထုတ်ယူသုံးစွဲရန်။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၇။ မည်သူမဆို သတ်မှတ်ထားသည့် နည်းလမ်းများ၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုသူကို သက်ဆိုင်ရာကော်မတီက အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်ကို ချမှတ်နိုင်သည် -

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) ကာလသတ်မှတ်၍ ထင်းခုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း။

၁၈။ ခရိုင်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသော ထင်းနှင့်ထင်းထွက်ပစ္စည်းများကို သတ်မှတ်ထားသည့် အခွန်အခပေးဆောင်ခြင်းမပြုဘဲ ရောင်းဝယ်ဖောက်ကားသူအား ငွေကျပ်တစ်သောင်း ထက်မပိုသော ငွေဒဏ်တပ်ရိုက်နိုင်သည်။ သတ်မှတ်ထားသော အခွန်အခပေးဆောင်ပြီးမှသာ ဆက်လက်ရောင်းချခွင့်ပြုနိုင်သည်။ ငွေဒဏ်နှင့်အခွန်အခ ပေးဆောင်ရန်ပျက်ကွက်ပါက ထင်းကို ကျေးရွာပိုင်အဖြစ် သိမ်းဆည်းနိုင်သည်။

၁၉။ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်းခံရပြီးသူအား တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၂၀။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်ရန်ပျက်ကွက်ပါက အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၂၁။ ဝန်ကြီးသည် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်သည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အခန်း (၉)
## အယူခံခြင်း

၂၂။ (က) ဤဥပဒေအရ ခရိုင်ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်၊ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ပြီး ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်ကော်မတီထံ အယူခံဝင်နိုင်သည်။

(ခ) ပြည်နယ်ကော်မတီ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၃။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းသုံးမြေကို တူးဆွခြင်းနှင့် စားကျက်မြေအဖြစ် အသုံးပြုခြင်းမပြုရ။

၂၄။ မည်သူမဆို ထင်းစိုက်ခင်းနယ်မြေမှ ကိုက်တစ်ရာအတွင်း မီးရှို့ခြင်း မပြုရ။ ကိုက်တစ်ရာပြင်ပတွင် မီးရှို့ရာ၌ မီးပြန့်ပွားခြင်းမရှိစေရန် ကြိုတင်ကာကွယ်မှုအစီအမံများ ပြုလုပ်ထားရမည်။

၂၅။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်းနှင့် နေထိုင်ခြင်းမပြုရ။

၂၆။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော ထင်းနှင့်သစ်တောထွက်ပစ္စည်းတစ်ခုခုကို ခိုးယူခြင်း၊ ဖျက်ဆီးခြင်းနှင့် အလွဲသုံးစားပြုခြင်းမပြုရ။

၂၇။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အအုံဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်းမပြုရ။

၂၈။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းအတွင်း ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောပစ္စည်းများ အသုံးပြုခြင်း၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် အကျိုးဖျက်ဆီးခြင်းမပြုရ။

၂၉။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းနယ်နိမိတ်အမှတ်အသားတစ်ခုခုအား တစ်နည်းနည်းဖြင့် ပျက်စီးယိုယွင်းအောင် ပြုလုပ်ခြင်း၊ ရွှေ့ပြောင်းခြင်း မပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၀။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၁။ မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၇။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၃၈။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်နယ်ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူသို့ လျော်ကြေးငွေ ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၃၉။ တရားရုံးသည် -

(က) ပြည်နယ်ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

(ခ) ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ တို့အရ တပ်ရိုက်သည့် ဒဏ်ငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဆုံးရှုံးနစ်နာသည့် ကျေးရွာထင်းစိုက်ခင်း တည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့သို့ နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

၄၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာဖြစ်စေ၊ သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက် အထားများဖြစ်စေ တင်ပြနိုင်သည်။ ထိုသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုရမည်။

## အခန်း (၁၂)
## အထွေထွေ

၄၁။ ဤဥပဒေအရ ကော်မတီက ရရန်ရှိသော ငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရန် ဝန်ကြီးက တာဝန်ပေးအပ်သော ကော်မတီကဖြစ်စေ၊ ကော်မတီဝင်တစ်ဦးဦးကဖြစ်စေ တည်ဆဲ ဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၄၂။ ကော်မတီက ယင်းတို့၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လိုအပ်သော အကူအညီများကို ပေးရမည်။

၄၃။ ပြည်နယ်ကော်မတီ၏ တာဝန်ပေးခြင်းခံရသူသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ပြည်နယ်ကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့်လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီများ အပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းမရှိစေရ။

၄၅။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေအရ ထုတ်ယူခွင့်ပြုသည့် ထင်းထွက်ပစ္စည်းများအတွက် ရရန် ရှိသည့် အခွန်အခများကို လျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း၊ လျှော်ပစ်ခြင်း ပြုနိုင်သည်။

၄၆။ ပြည်နယ်အစိုးရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းအဖြစ် စိုက်ပျိုးထားသည့် မြေနေရာအား နိုင်ငံတော်အကျိုးအတွက် စီမံကိန်းတစ်ခုခု ဆောင်ရွက်အသုံးပြုရန်လိုအပ်ပါက ကာလတန်ဖိုးအတိုင်း ပေးလျော်၍ သိမ်းယူနိုင်သည်။

၄၇။ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျေးရွာထင်းစိုက်ခင်းကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ပြည်နယ်ကော်မတီက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်
# ရခိုင်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၀။ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

## နိဒါန်း

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ရခိုင်ပြည်နယ်ကို အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုအဖြစ် ပေါ်ပေါက်လာစေရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ကြရာတွင် ထူးချွန်ပြောင်မြောက်သောပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းနိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရခိုင်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ရခိုင်ပြည်နယ်ကို ဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးချုပ်**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးကို ဆိုသည်၊

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနကို ဆိုသည်၊

(စ) **ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ**ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ဆိုသည်။

## အခန်း (၂)
## ဆုအမျိုးအစားခွဲခြားသတ်မှတ်ခြင်း

၃။ ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို အောက်ပါအတိုင်း ဆုအမျိုးအစားခွဲခြားပြီး ချီးမြှင့်အပ်နှင်းရန်ဖြစ်သည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု၊

(ခ) စီးပွားရေးဆိုင်ရာထူးချွန်ဆု၊

(ဂ) ပညာရေးဆိုင်ရာထူးချွန်ဆု၊

(ဃ) ကျန်းမာရေးဆိုင်ရာထူးချွန်ဆု၊

(င) လူမှုရေးဆိုင်ရာထူးချွန်ဆုများ၊

(စ) စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆု၊

(ဆ) မွေးမြူရေးဆိုင်ရာထူးချွန်ဆု၊

(ဇ) ဘာသာ၊ သာသနာဆိုင်ရာထူးချွန်ဆု၊

(ဈ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆု၊

(ည) သုတေသနဆိုင်ရာထူးချွန်ဆု၊

(ဋ) အခြားအထူးကိစ္စရပ်များဆိုင်ရာထူးချွန်ဆု။

၄။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ချီးမြှင့်ရာတွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များ၊ သံတမန်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများကိုလည်း ပေးအပ်ချီးမြှင့်နိုင်သည်။

## အခန်း (၃)
## စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၅။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဝန်ကြီး — ဥက္ကဋ္ဌ
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ပြည်နယ်အစိုးရအဖွဲ့

(ခ) ဝန်ကြီး — အဖွဲ့ဝင်
လူမှုရေးဝန်ကြီးဌာန
ပြည်နယ်အစိုးရအဖွဲ့

(ဂ) ဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
ပြည်နယ်အစိုးရအဖွဲ့

(ဃ) ဝန်ကြီး အဖွဲ့ဝင်
သစ်တောနှင့်သတ္တုဝန်ကြီးဌာန
ပြည်နယ်အစိုးရအဖွဲ့

(င) ဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်အစိုးရအဖွဲ့

(စ) ပြည်နယ်ဥပဒေချုပ် အဖွဲ့ဝင်
ပြည်နယ်ဥပဒေချုပ်ရုံး

(ဆ) တရားသူကြီးချုပ် အဖွဲ့ဝင်
ရခိုင်ပြည်နယ်တရားလွှတ်တော်

(ဇ) ပြည်နယ်စာရင်းစစ်ချုပ် အဖွဲ့ဝင်
ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး

(ဈ) ပြည်နယ်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၆။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်များအတွက် စိစစ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ရခိုင်ပြည်နယ်အဆင့် ပြည်နယ်အစိုးရအဖွဲ့မှ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သောပုဂ္ဂိုလ်များအတွက်သာ ဖြစ်စေရန်၊

(ခ) ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့အစည်းများ၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအပြင် အထူးသင့်လျော်သော ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများအတွက်လည်း အကျုံးဝင်စိစစ်တင်ပြရန်၊

(ဂ) ဂုဏ်ထူးဆောင်ဆုအမျိုးအစားအလိုက် စံသတ်မှတ်ပြီး ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက် ရယူရန်၊

(ဃ) ဆုချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်များအား ပြည်နယ်အစိုးရအဖွဲ့သို့ သတ်မှတ်အချိန်ကာလအတွင်း စိစစ်ထောက်ခံတင်ပြရန်၊

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များအား ပြည်နယ်အစိုးရအဖွဲ့သို့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ထပ်မံချီးမြှင့်အပ်နှင်းနိုင်ရေး ထောက်ခံတင်ပြရန်။

## အခန်း (၄)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ပုဂ္ဂိုလ်များ

၇။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ ရခိုင်ပြည်နယ်အတွင်း သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ခ) ရခိုင်ပြည်နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်သော ရခိုင်ပြည်နယ်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများတွင် ထူးချွန်စွာအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဂ) ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများ၊

(ဃ) ရခိုင်ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးရာတွင် ထူးချွန်စွာကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ထူးချွန်အောင်မြင်စွာ တီထွင်ကြံဆဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များနှင့် ထိုပညာရပ်အသီးသီးတွင် စံနမူနာပြုအဖြစ် သတ်မှတ်နိုင်သောအဆင့်ရှိသည့် ဘာသာရပ်ဆိုင်ရာထူးချွန်ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များ၊

(စ) စာပေ၊ ဂီတနှင့် အနုသုခုမပညာရပ်များတွင် ကျွမ်းကျင်တတ်မြောက်ပြီး ထူးချွန်ပြောင်မြောက်စွာ တီထွင်၍ ရခိုင်ပြည်နယ်၏ဂုဏ်ကို ထင်ပေါ်အောင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊

(ဆ) လူမျိုး၊ ဘာသာ၊ သာသနာအကျိုးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးလှူဒါန်းထောက်ပံ့ပေးကြသည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများ၊

(ဇ) သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်ကြောင့် ဘေးဒုက္ခကြုံတွေ့နေကြသူများအား ကိုယ်ကျိုးစွန့်အနစ်နာခံ၍ သက်စွန့်ကြိုးပမ်းကာကွယ်စောင့်ရှောက်ပေးကြသော ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများ၊

(ဈ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးချွန်ပြောင်မြောက်စွာ စွန့်လွှတ်စွန့်စားကာကွယ်စောင့်ရှောက်ပေးကြသည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများ၊

(ည) ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ကာယပညာတွင် ထူးချွန်ပြီး ရခိုင်ပြည်နယ်၏ဂုဏ်သတင်းကို သယ်ပိုးဆောင်ရွက်ကြသူများနှင့် ထိုသူတို့အား ထူးချွန်ထက်မြက်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများ၊

(ဋ) စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများ၊

(ဌ) ရခိုင်ပြည်နယ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များတွင် ထူးချွန်အောင်မြင်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများ၊

(ဍ) ရခိုင်ပြည်နယ်၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ပျောက်ဆုံး၊ ပျက်စီး၊ ဆုံးရှုံးမှုမရှိစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့်လုပ်ငန်းများတွင် ထူးချွန်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများနှင့် ဌာနများ၊

(ပ) ပန်းဆယ်မျိုး အပါအဝင်ဖြစ်သည့် လက်မှုပညာရပ်များတွင် ထူးချွန်ပြောင်မြောက်စွာ ကျွမ်းကျင်တတ်မြောက်ပြီး တီထွင်ဖန်တီး၍ ရခိုင်ပြည်နယ်၏ ဂုဏ်သတင်းကို ဖော်ဆောင်သည့် ပုဂ္ဂိုလ်များ၊

(ဏ) ပြည်နယ်အစိုးရအဖွဲ့က အခြားအထူးထိုက်သင့်သောကိစ္စရပ်များအတွက် ချီးမြှင့်အပ်နှင်းထိုက်သော ပုဂ္ဂိုလ်များ။

## အခန်း (၅)
## ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

၈။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အစည်းများ၊ ဌာနများအတွက်ဖြစ်စေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများအတွက်ဖြစ်စေ ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်လာပါက အောက်ပါအတိုင်း နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်တင်ပြရန်ဖြစ်သည် -

(က) သက်ဆိုင်ရာကြီးကြပ်သူအရာရှိက အကျိုးအကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က စိစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်ထောက်ခံတင်ပြရန်၊

(ဂ) အခြားသောပုဂ္ဂိုလ်များအတွက် သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က အဆင့်ဆင့်စိစစ်ပြီး ပြည်နယ် အစိုးရအဖွဲ့သို့ ဆက်လက်ထောက်ခံတင်ပြရန်။

၉။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် အထူးကိစ္စရပ်များအတွက်ဖြစ်စေ၊ သတ်မှတ်ချိန်အတွင်း တင်ပြရန်လိုအပ်သည့် ကိစ္စရပ်များအတွက်ဖြစ်စေ ထောက်ခံတင်ပြရာတွင် ဝန်ကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူးက နည်းဥပဒေပါသတ်မှတ်ချက်များနှင့် အညီ စတင်ဖြည့်စွက်တင်ပြနိုင်သည်။

## အခန်း (၆)
## ဆုချီးမြှင့်အပ်နှင်းခြင်းခံရသူအမည်စာရင်း ကြေညာခြင်း၊ ဆုချီးမြှင့်အပ်နှင်းမည့်နေ့ရက် သတ်မှတ်ခြင်းနှင့် ဆုချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကျင်းပခြင်း

၁၀။ ရခိုင်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရေး အတွက် ဆုရရှိသူများအမည်စာရင်းကြေညာခြင်းကို နှစ်စဉ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပြည်နယ်အစိုးရ အဖွဲ့မှ သတ်မှတ်ကြေညာရမည်။

၁၁။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းရရှိသူများ အမည်စာရင်းကြေညာ ပြီးနောက် ၂၀ ရက်အတွင်း ဆုချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပနိုင်ရန် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၂။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်သည့် နေ့ရက်၊ အချိန်နှင့်နေရာဒေသတွင် ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူကျင်းပရမည်။

၁၃။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ ဝန်ကြီးချုပ်ကဖြစ်စေ၊ အစိုးရအဖွဲ့က တာဝန်ပေးအပ်သူကဖြစ်စေ တက်ရောက်ပြီး ဆုချီးမြှင့်အပ်နှင်းရမည်။

## အခန်း (၇)
## ဂုဏ်ထူးဆောင် လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများအတွက် ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း

၁၄။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်အပ်နှင်းရန်အတွက် ရန်ပုံငွေ အဖြစ် ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ အသင်းအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ လှူဒါန်းလာလျှင် လုံခြုံရေးနှင့်

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေကို လက်ခံပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဤကိစ္စအလို့ငှာ ထူထောင်ထားသော ရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

၁၅။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန်အတွက် လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

## အခန်း (၈)

## အထွေထွေ

၁၆။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းသည့်အခမ်းအနားသို့ အများပြည်သူ တက်ရောက်အားပေးဂုဏ်ယူနိုင်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ရမည်။

၁၇။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခံရသူနှင့် ကူညီသူ တစ်ဦးအတွက် ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည့် ကုန်ကျစရိတ်ငွေကို ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၁၈။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပြည်နယ်အစိုးရအဖွဲ့မှ ခံ့ညား ထည်ဝါစွာ သတ်မှတ်ပြုလုပ်ပြီး ထိုက်ထိုက်တန်တန်ချီးမြှင့်ရမည်။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

## ( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၇/၂၀၁၃ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ဆိုသည်၊

(ဃ) **ဂုဏ်ထူးဆောင်လက်မှတ်**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို ဆိုသည်၊

(င) **ဂုဏ်ထူးဆောင်ဆုပစ္စည်း**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆိုသည်။

## အခန်း (၂)
## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ သတ်မှတ်ချက်များ

၃။ အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန်အတွက် အောက်ပါအတိုင်း အမျိုးအစားများကို ခွဲခြားရန်ဖြစ်ပါသည် -

(က) **စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု။**

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ တိုင်းဒေသကြီးအတွင်း သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(၂) တိုင်းဒေသကြီးအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတို့အတွက် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးပိုင်းဆိုင်ရာထူးချွန်ပြောင်မြောက်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(၃) တိုင်းဒေသကြီးအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံခြားတိုင်းပြည်များမှ ပုဂ္ဂိုလ်များ၊ သံတမန်များ၊ အဖွဲ့အစည်းများမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာဆုများ။

(ခ) **စီးပွားရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း စီးပွားရေးဦးတည်ချက်များနှင့်အညီ ထူးချွန်စွာအားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဂ) **စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဃ) **မွေးမြူရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(င) **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(စ) **ပညာရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း ပညာရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဆ) **သုတေသနဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း သုတေသနလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဇ) **ကျန်းမာရေးဆိုင်ရာထူးချွန်ဆု။** တိုင်းဒေသကြီးအတွင်း ကျန်းမာရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ဈ) **လူမှုရေးဆိုင်ရာထူးချွန်ဆု။**

(၁) တိုင်းဒေသကြီးအတွင်း လူမှုရေး၊ အားကစား၊ စာပေ၊ ဂီတ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာ၊ လက်မှုပညာရပ်လုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(၂) သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို သက်စွန့်ကြိုးပမ်း အားထုတ်ဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(ည) **ဘာသာ၊ သာသနာဆိုင်ရာထူးချွန်ဆု။**

(၁) လူမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် ထူးချွန်စွာအားထုတ်ကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာဆုများ၊

(၂) တိုင်းဒေသကြီးအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဒ္ဓါတရားထက်သန်စွာဖြင့် ပံ့ပိုးကူညီလှူဒါန်းကြိုးပမ်းဆောင်ရွက်ချက်များဆိုင်ရာဆုများ။

## အခန်း (၃)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ပုဂ္ဂိုလ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၄။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရေးနှင့်ပတ်သက်၍ စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည် -

| | | |
|---|---|---|
| (က) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန<br>ဝန်ကြီး | အဖွဲ့ဝင် |
| (ဂ) | သစ်တောနှင့်သတ္တုဝန်ကြီးဌာန<br>ဝန်ကြီး | အဖွဲ့ဝင် |
| (ဃ) | လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန<br>ဝန်ကြီး | အဖွဲ့ဝင် |
| (င) | လူမှုရေးဝန်ကြီးဌာန<br>ဝန်ကြီး | အဖွဲ့ဝင် |
| (စ) | ဥပဒေချုပ်<br>တိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |

(ဆ) စာရင်းစစ်ချုပ် အဖွဲ့ဝင်
တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး

(ဇ) တိုင်းဦးစီးဗိုလ်မှူးကြီး အဖွဲ့ဝင်
အနောက်တောင်တိုင်းစစ်ဌာနချုပ်

(ဈ) တိုင်းဒေသကြီးတရားဦးစီးမှူး အဖွဲ့ဝင်
တိုင်းဒေသကြီးတရားလွှတ်တော်

(ည) အတွင်းရေးမှူး အတွင်းရေးမှူး
တိုင်းဒေသကြီးအစိုးရအဖွဲ့

၅။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ပုဂ္ဂိုလ်များစိစစ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်နှင့် ငြိစွန်းမှုမရှိစေဘဲ တိုင်းဒေသကြီးအဆင့် အတွင်းမှ ချီးမြှင့်အပ်နှင်းထိုက်သောပုဂ္ဂိုလ်များသာ ဖြစ်စေရန်၊

(ခ) တိုင်းဒေသကြီးဝန်ကြီးဌာန၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တပ်မတော်သားများနှင့် ယင်းတို့နှင့်မသက်ဆိုင်သော အခြားပုဂ္ဂိုလ်များအတွက် အခန်း (၅) ပါ ထောက်ခံတင်ပြရန် နည်းလမ်းများအတိုင်း စိစစ်ထောက်ခံတင်ပြမှုအပေါ် စိစစ်ရေးကော်မတီမှ စိစစ်ပြီး ချီးမြှင့်အပ်နှင်းခံထိုက်သည့် ပုဂ္ဂိုလ်များအား အစိုးရအဖွဲ့သို့ သတ်မှတ်ချိန်အတွင်း ထောက်ခံတင်ပြရန်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များအား အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သလို ထပ်မံချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ထောက်ခံတင်ပြရန်။

## အခန်း (၄)
## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း

၆။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းကို အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို ချီးမြှင့်နိုင်သည် -

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ခ) ဧရာဝတီတိုင်းဒေသကြီးခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ သံတမန်များ၊ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် အခြားပညာရပ်တစ်ခုခုတွင် ထူးချွန်အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သောပုဂ္ဂိုလ်များ၊

(စ) စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်ပြီး တိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်သည့်ပုဂ္ဂိုလ်များ၊

(ဆ) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(ဇ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးခြားစွာ ကာကွယ်စောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဈ) ပညာရေး၊ အားကစားနှင့်ကာယပညာတွင် ထူးချွန်သူများနှင့် ထိုသို့ ထူးချွန်သူများထွက်ပေါ်အောင် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ။

## အခန်း (၅)
## ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

၇။ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၁) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကနဦးကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးထံ ထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးက စိစစ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၈။ တိုင်းဒေသကြီးတရားလွှတ်တော်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၂) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကနဦးကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က စိစစ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၉။ တိုင်းဒေသကြီးဥပဒေချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၃) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကနဦးကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးဥပဒေချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးဥပဒေချုပ်က စိစစ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၀။ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၄) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကနဦးကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးစာရင်းစစ်ချုပ်က စိစစ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၁။ အနောက်တောင်တိုင်းစစ်ဌာနချုပ်လက်အောက်ရှိ တပ်မတော်သားများအတွက် ထောက်ခံတင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၅) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာ တပ်စုမှူး/တပ်ခွဲမှူးတို့က တပ်ရင်းမှူးမှတစ်ဆင့် တပ်မမှူး/တိုင်းမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တပ်မမှူး/တိုင်းမှူးက စိစစ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၂။ ဌာနဆိုင်ရာဝန်ထမ်း၊ တပ်မတော်သားများ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့ဝင်များမှအပ အခြားပုဂ္ဂိုလ်များအတွက် ထောက်ခံတင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၆) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ အုပ်ချုပ်ရေးမှူးက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက စိစစ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

## အခန်း (၆)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပြန်လည်ရုပ်သိမ်းခြင်း

၁၃။ ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ပြန်လည်ရုပ်သိမ်းခွင့်ရှိသည် -

(က) နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုကျူးလွန်၍ တရားရုံးတစ်ခုခု၏ အပြစ်ပေးခံရခြင်း၊

(ဂ) ဌာနဆိုင်ရာအရေးယူခံရပြီး အပြစ်ရှိကြောင်း ပေါ်ပေါက်သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်းစသော ပြစ်ဒဏ်တစ်ရပ်ရပ်ပေးခံရခြင်း၊

(ဃ) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခံထိုက်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြသည်နှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းပြီးနောက် မူလထောက်ခံချက်ပါ အချက်အလက် အကြောင်းအရာများနှင့် မမှန်မကန်တင်ပြမှုပြုခဲ့ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(င) နိုင်ငံတော်နှင့် ဧရာဝတီတိုင်းဒေသကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ပြုမူခြင်း၊ ပြောဆိုခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(စ) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းအား ပြန်လည်ရုပ်သိမ်းသင့်သည့် လုံလောက်သော အခြားအကြောင်း အချက်တစ်ရပ်ရပ် တွေ့ရှိပေါ်ပေါက်ခြင်း။

## အခန်း (၇)

## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများအတွက် ဘဏ္ဍာငွေသုံးစွဲခွင့်သတ်မှတ်ခြင်း

၁၄။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးသည် အစိုးရအဖွဲ့သို့ တင်ပြပြီး အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် အစိုးရအဖွဲ့၏ဘဏ္ဍာငွေမှ သတ်မှတ်သုံးစွဲနိုင်သည်။

၁၅။ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန်အတွက် ငွေနှင့်ဆုပစ္စည်းများ လှူဒါန်းလာပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးသည် လက်ခံ၍ စီမံခန့်ခွဲနိုင်သည်။

## အခန်း (၈)

## အထွေထွေ

၁၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူးထိုက်သင့်သောကိစ္စရပ်များ အတွက် လူပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၁၇။ ချီးမြှင့်အပ်နှင်းထားသော ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများအား -

(က) ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အလွဲသုံးခြင်း၊ လွှဲပြောင်းခြင်း မပြုလုပ်ရ၊

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ်ကွယ်လွန်သည့်အခါ အမွေစားအမွေခံက ဆက်လက်ထိန်းသိမ်းခွင့်ရှိသည်။

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ထုတ်ပြန်နိုင်သည်။

၁၉။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းနှင့် ပြန်လည် ရုပ်သိမ်းခြင်းတို့ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းအောင်၊
ဝန်ကြီးချုပ်၊
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

**နောက်ဆက်တွဲ ပုံစံ (၁)**

**ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား
ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်းများ
ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် ---------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း ---------------------------------------------

၂။ (က) အမည် ---------------------------------------------

(ခ) အဘအမည် ---------------------------------------------

(ဂ) အသက် ---------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------------------------------

(င) အဆင့်/တာဝန် ---------------------------------------------

(စ) လုပ်ငန်းဌာန ---------------------------------------------

(ဆ) နေရပ်လိပ်စာ ---------------------------------------------

---------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရပ်ကွက်၊ ကျေးရွာအုပ်စု

ရက်စွဲ၊ ---------------------------------------------

၄။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------------
ဌာန ----------------------------------

ရက်စွဲ၊ --------------------------------------------

၅။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------------
ဌာန ----------------------------------

ရက်စွဲ၊ --------------------------------------------

၆။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------------
ဌာန ----------------------------------

ရက်စွဲ၊ --------------------------------------------

၇။ သက်ဆိုင်ရာဝန်ကြီး၏ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

------------------------------- ဝန်ကြီးဌာန

ရက်စွဲ၊ --------------------------------------------

**နောက်ဆက်တွဲ ပုံစံ (၂)**

## တိုင်းဒေသကြီးတရားလွှတ်တော်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် ---------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း ---------------------------------------------

၂။ (က) အမည် ---------------------------------------------

(ခ) အဘအမည် ---------------------------------------------

(ဂ) အသက် ---------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------------------------------

(င) အဆင့်/တာဝန် ---------------------------------------------

(စ) လုပ်ငန်းဌာန ---------------------------------------------

(ဆ) နေရပ်လိပ်စာ ---------------------------------------------

---------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --------------------------------

ဌာန --------------------------------

ရက်စွဲ၊ --------------------------------------------

၄။　ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ၊ ---------------------------------------------

၅။　တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------

ဌာန ---------------------------------

ရက်စွဲ၊ ----------------------------------------------

၆။　တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်

ရက်စွဲ၊ ---------------------------------------------

**နောက်ဆက်တွဲ ပုံစံ (၃)**

## တိုင်းဒေသကြီးဥပဒေချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် -------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း -------------------------------------------

၂။ (က) အမည် -------------------------------------------

(ခ) အဘအမည် -------------------------------------------

(ဂ) အသက် -------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် -------------------------------------------

(င) အဆင့်/တာဝန် -------------------------------------------

(စ) လုပ်ငန်းဌာန -------------------------------------------

(ဆ) နေရပ်လိပ်စာ -------------------------------------------

-------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --------------------------------

ဌာန --------------------------------

ရက်စွဲ၊ -------------------------------------------

၄။　ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　---------------------------------

ဌာန　---------------------------------

ရက်စွဲ၊ ----------------------------------------------

၅။　တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　---------------------------------

ဌာန　---------------------------------

ရက်စွဲ၊ ----------------------------------------------

၆။　တိုင်းဒေသကြီးဥပဒေချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တိုင်းဒေသကြီးဥပဒေချုပ်

ရက်စွဲ၊ ----------------------------------------------

**နောက်ဆက်တွဲ ပုံစံ (၄)**

## တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် --------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း --------------------------------------------

၂။ (က) အမည် --------------------------------------------

(ခ) အဘအမည် --------------------------------------------

(ဂ) အသက် --------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------------------------------

(င) အဆင့်/တာဝန် --------------------------------------------

(စ) လုပ်ငန်းဌာန --------------------------------------------

(ဆ) နေရပ်လိပ်စာ --------------------------------------------

--------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး --------------------------------

ဌာန --------------------------------

ရက်စွဲ၊ --------------------------------------------

၄။　ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　----------------------------------

ဌာန　----------------------------------

ရက်စွဲ၊ ----------------------------------------------

၅။　တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　----------------------------------

ဌာန　----------------------------------

ရက်စွဲ၊ ----------------------------------------------

၆။　တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ရက်စွဲ၊ ----------------------------------------------

**နောက်ဆက်တွဲ ပုံစံ (၅)**

## တပ်မတော်သားများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင်လက်မှတ် --------------------------------------------

သို့မဟုတ် ဂုဏ်ထူးဆောင်ပစ္စည်း --------------------------------------------

၂။ (က) ကိုယ်ပိုင်အမှတ် --------------------------------------------

(ခ) အဆင့် --------------------------------------------

(ဂ) အမည် --------------------------------------------

(ဃ) အသက် --------------------------------------------

(င) အမှုထမ်းအသက် --------------------------------------------

(စ) တပ်ဖွဲ့ --------------------------------------------

၃။ တပ်စုမှူး/တပ်ခွဲမှူးက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တပ်စုမှူး/တပ်ခွဲမှူး

ရက်စွဲ၊ --------------------------------------------

၄။ တပ်ရင်းမှူးက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တပ်ရင်းမှူး

ရက်စွဲ၊ --------------------------------------------

၅။ တပ်မမှူး/ တိုင်းမှူးက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တပ်မမှူး/တိုင်းမှူး

ရက်စွဲ၊ --------------------------------------------

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် ) | **သောကြာနေ့** |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**[ ယခင်အပတ်မှအဆက် ]**

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် )

အမှတ် ၁၅၄/၂၀၁၃ ။ ။ အောက်ဖော်ပြပါ တပ်မတော်ဆေးတက္ကသိုလ်၊ အမှတ်စဉ် (၁၅) ဗိုလ်လောင်းသင်တန်းမှ ဗိုလ်လောင်းများအား ဆေးဝန်ထမ်းတပ်ဖွဲ့တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
| --- | --- | --- | --- |
| (၉၅) | အောင်ဇော်ထက် | ကြည်း | ၆၆၇၃၆ |
| (၉၆) | ငြိမ်းချမ်းဌေး | ကြည်း | ၆၆၇၃၇ |
| (၉၇) | ထက်ဖြိုးအောင် | ကြည်း | ၆၆၇၃၈ |
| (၉၈) | ဝေလင်းသန့် | ကြည်း | ၆၆၇၃၉ |
| (၉၉) | ကျော်သီဟဝင်း | ကြည်း | ၆၆၇၄၀ |
| (၁၀၀) | ငြိမ်းထက် | ကြည်း | ၆၆၇၄၁ |
| (၁၀၁) | ဘုန်းမြင့်စိုး | ကြည်း | ၆၆၇၄၂ |
| (၁၀၂) | ဝေလင်းဦး | ကြည်း | ၆၆၇၄၃ |
| (၁၀၃) | ကောင်းမြတ်နိုင် | ကြည်း | ၆၆၇၄၄ |
| (၁၀၄) | လှခိုင် | ကြည်း | ၆၆၇၄၅ |
| (၁၀၅) | ရဲဇော်နိုင် | ကြည်း | ၆၆၇၄၆ |
| (၁၀၆) | သန်းတိုးအောင် | ကြည်း | ၆၆၇၄၇ |
| (၁၀၇) | သိန်းထိုက်အောင် | ကြည်း | ၆၆၇၄၈ |
| (၁၀၈) | သန့်မင်းညို | ကြည်း | ၆၆၇၄၉ |
| (၁၀၉) | ရန်လင်းထွန်း | ကြည်း | ၆၆၇၅၀ |

| | | | |
|---|---|---|---|
| (၁၁၀) | ထွန်းနေလင်း | ကြည်း | ၆၆၇၅၁ |
| (၁၁၁) | ဖွဲ့ညီအောင် | ကြည်း | ၆၆၇၅၂ |
| (၁၁၂) | ရဲကျော်ထက် | ကြည်း | ၆၆၇၅၃ |
| (၁၁၃) | ထက်ဝင်းထွန်း | ကြည်း | ၆၆၇၅၄ |
| (၁၁၄) | အောင်ကျော်ဇင် | ကြည်း | ၆၆၇၅၅ |
| (၁၁၅) | နိုင်အောင်လင်း | ကြည်း | ၆၆၇၅၆ |
| (၁၁၆) | ဇာနည်ထွန်း | ကြည်း | ၆၆၇၅၇ |
| (၁၁၇) | ကျော်ဇောပိုင် | ကြည်း | ၆၆၇၅၈ |
| (၁၁၈) | သက်ထိုက်ဦး | ကြည်း | ၆၆၇၅၉ |
| (၁၁၉) | အောင်မျိုးမင်း | ကြည်း | ၆၆၇၆၀ |
| (၁၂၀) | ဟိန်းဇင်နိုင် | ကြည်း | ၆၆၇၆၁ |
| (၁၂၁) | ငြိမ်းချမ်းအောင် | ကြည်း | ၆၆၇၆၂ |
| (၁၂၂) | ပြည့်ဖြိုးအောင် | ကြည်း | ၆၆၇၆၃ |
| (၁၂၃) | မင်းသူထွန်းဦး | ကြည်း | ၆၆၇၆၄ |
| (၁၂၄) | ပြည့်ဖြိုးဟန် | ကြည်း | ၆၆၇၆၅ |
| (၁၂၅) | ပြည့်ဖြိုးဝင်း | ကြည်း | ၆၆၇၆၆ |
| (၁၂၆) | ပြည့်ဖြိုးကျော် | ကြည်း | ၆၆၇၆၇ |
| (၁၂၇) | မြင့်ဇော်ဦး | ကြည်း | ၆၆၇၆၈ |
| (၁၂၈) | ချမ်းမြေ့နိုင် | ကြည်း | ၆၆၇၆၉ |
| (၁၂၉) | သိန်းမင်းဇော် | ကြည်း | ၆၆၇၇၀ |
| (၁၃၀) | ကောင်းခန့် | ကြည်း | ၆၆၇၇၁ |
| (၁၃၁) | ပြည့်စုံထက် | ကြည်း | ၆၆၇၇၂ |
| (၁၃၂) | သန်းထိုက်အောင် | ကြည်း | ၆၆၇၇၃ |
| (၁၃၃) | ဟိန်းဇေယျ | ကြည်း | ၆၆၇၇၄ |
| (၁၃၄) | ပြည့်ဖြိုးအောင် | ကြည်း | ၆၆၇၇၅ |
| (၁၃၅) | ဟိန်းမင်းထက် | ကြည်း | ၆၆၇၇၆ |
| (၁၃၆) | ဇာနည်အောင် | ကြည်း | ၆၆၇၇၇ |
| (၁၃၇) | စောဇော်ထက်အောင် | ကြည်း | ၆၆၇၇၈ |
| (၁၃၈) | သက်ဦးသွင် | ကြည်း | ၆၆၇၇၉ |
| (၁၃၉) | ဟိန်းနောင် | ကြည်း | ၆၆၇၈၀ |
| (၁၄၀) | စိုးထက်အောင် | ကြည်း | ၆၆၇၈၁ |
| (၁၄၁) | ကျော်ဇင်ဖြိုး | ကြည်း | ၆၆၇၈၂ |
| (၁၄၂) | သန်းထူးအောင် | ကြည်း | ၆၆၇၈၃ |
| (၁၄၃) | ကောင်းထက်စံ | ကြည်း | ၆၆၇၈၄ |
| (၁၄၄) | အောင်ဆန်းလွင် | ကြည်း | ၆၆၇၈၅ |
| (၁၄၅) | အောင်အောင် | ကြည်း | ၆၆၇၈၆ |
| (၁၄၆) | သုတဇော် | ကြည်း | ၆၆၇၈၇ |
| (၁၄၇) | မြတ်စိုးမိုး | ကြည်း | ၆၆၇၈၈ |
| (၁၄၈) | ရဲဟိန်းထူး | ကြည်း | ၆၆၇၈၉ |
| (၁၄၉) | မျိုးဇော်ထက် | ကြည်း | ၆၆၇၉၀ |
| (၁၅၀) | ကျော်သက် | ကြည်း | ၆၆၇၉၁ |

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် ( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၄</u>

### MYANMAR AQUOLOGY LIMITED

**ဖျက်သိမ်းရန်ကြေညာချက်**

၁။ **MYANMAR AQUOLOGY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၆-၁-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်-၃၊ အမှတ်-၁၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ **ဒေါ်မာမာဝင်း** B.Com., C.P.A (စာရင်းစစ်)၊ ၁၂/ဗဟန (နိုင်) ၀၈၁၃၃၁ အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| Saw Newton | ဒေါ်မာမာဝင်း |
| Managing Director | စာရင်းစစ် |
| Myanmar Aquology Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## အာရှ စိုက်ပျိုးရေးသုံးဆေးထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

(အစုရှင်များဆန္ဒအရ ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ လီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၇-၂-၂၀၁၄) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် **[အခန်း (၂၀၃)၊ ရွှေလရောင်တာဝါ၊ ရွှေဟသ်ာကွန်ဒို၊ ရွှေဟသ်ာလမ်းနှင့် ပြည်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့]** ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အာရှ စိုက်ပျိုးရေးသုံးဆေးထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

## SHWE SU SAN COMPANY LIMITED.

**ဖျက်သိမ်းရန်ကြေညာချက်**

၁။ **SHWE SU SAN COMPANY LIMITED.** ကို အစုရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Daw Nan Than Aye
Managing Director
SHWE SU SAN COMPANY LIMITED.

ဦးဇင်ဝေ (B.Com; C.P.A) 210
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ၈၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၇-၁-၂၀၁၄။